# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၁၁၈)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအုပ်စုရှိ မူလတန်းလွန်ကျောင်း KG တန်းတွင် ပညာသင်ယူနေသော ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားစဉ်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှော်ဘီနှင့် လှိုင်သာယာမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ပြီး ပညာသင်ကြား သင်ယူနေမှုများ ကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအုပ်စုရှိ မူလတန်းလွန်ကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် KG တန်းမှ ကျောင်းသား ကျောင်းသူလေးများ၏ ပညာသင်ကြား သင်ယူနေမှု၊ ကျောင်းသင်ခန်းစာစာအုပ်တွင် ၎င်းတို့နှစ်သက်ရာပန်းချီများ ရေးဆွဲထားရှိမှုနှင့် ကျောင်းသား ကျောင်းသူများကိုယ်တိုင် ဆန်းသစ်တီထွင်ဖန်တီးထားသည့် စက္ကူချိုးအရုပ်ကားချပ်များကို ကြည့်ရှုအားပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




မြန်မာ့အလင်း

# နိုင်ငံထူထောင်ရေး ပညာတတ်တွေ အများကြီးလိုသည်

သည်နေ့လို ပညာခေတ်မှာ နိုင်ငံထူထောင်ရေးတွင် ပညာတတ်တွေ အများကြီးလိုသည်ဟူသည့် အဆိုနှင့်ပတ်သက်၍ ငြင်းချက်ထုတ်ရန်မလို၊ အားလုံးသဘောတူကြပြီး ဖြစ်သည်ဟု ယုံကြည်ပါသည်။

တိုင်းပြည်ထူထောင်ရေးအတွက် ဘယ်လို ပညာတတ်များကို ဘယ်လို နည်းဖြင့် မွေးထုတ်ယူမည်နည်းဆိုလျှင်မူ ဆွေးနွေးစရာများ ရှိလိမ့်မည်ဟု ထင်ပါသည်။

ယေဘုယျအားဖြင့် မိမိတတ်စွမ်းသည့် ပညာရပ်နယ်ပယ်တွင် ကျွမ်းကျင်အောင် ခေတ်နှင့်အမီလိုက်နိုင်အောင် ကိုယ့်ကိုယ်ကိုယ် ချွန်မြအောင် သွေးနေသည့်၊ မိမိပညာရပ်နယ်ပယ်တွင် အမှားအမှန်ကို အကောင်းအဆိုးကို ပါးပါးနပ်နပ် နားလည်ခွဲခြားနိုင်သည့် ပညာတတ်များ လိုသည်ဟု ယေဘုယျအားဖြင့် ဆိုချင်ပါသည်။ ပညာဟူသည်၏ အခြေခံသဘောထားကိုက မှားမှန် ကောင်းဆိုးကို ခွဲခြားပိုင်းဖြတ် သိမြင်နိုင်ခြင်းကို ဆိုလိုသည်ဟု နားလည်ပါသည်။

မှားမှန်ကောင်းဆိုး ဆိုသည်ကလည်း မိမိရှင်သန်နေထိုင်ရာ လောက လူမှုအဖွဲ့အစည်းအတွက် မည်သည်က ကောင်းသည်၊ မည်သည်က ဆိုးသည်၊ မည်သည့်အယူအဆက တရားမျှတသည်၊ မည်သည့်အယူအဆက မတရားမှု အဓမ္မဖြစ်သည်၊ မည်သည့်အကြံအစည်က လူမှုအဖွဲ့အစည်းကို တိုးတက်ထွန်းကားစေမည်၊ မည်သည့်အစီအမံများက လူမှုအဖွဲ့အစည်းကို ထိခိုက်ဆုတ်ယုတ်စေမည်၊ မည်သည့်လုပ်ရပ်က လူမှုအဖွဲ့အစည်း၏ သာယာငြိမ်းချမ်းမှုကို အထောက်အပံ့ဖြစ်မည်၊ မည်သည့်အလုပ်မျိုးက လူမှုအဖွဲ့အစည်းကို ပျက်စီးနစ်နာစေမည် စသည်တို့ကို အသေအချာနားလည်ခြင်း ဖြစ်ပါသည်။

သည်လို ကောင်း၏၊ ဆိုး၏၊ သင့်၏၊ မသင့်၏၊ မှား၏၊ မမှား၏ စသည်တို့ကို ပိုင်းခြားဆန်းစစ်နိုင်သည့် ပညာတတ်များ ပေါ်ထွန်းရေးအတွက် နိုင်ငံ၏ ပညာရေးစနစ်ကို အကျအနပြင်ဆင်ကာ မူလတန်းမှစကာ ကောလိပ်များ၊ တက္ကသိုလ်များအထိ သင်ကြားရေးဌာနများဖြင့် ဆောင်ရွက်ကြ၏။

ထို့ကြောင့် နိုင်ငံ၏ တိုးတက်ထွန်းကားမှုကို အရင်းစစ်လိုက်လျှင် ယင်းပညာသင်ကြားရေးဌာနများ၏ အခန်းကဏ္ဍက အလွန်ပင်အရေးကြီးကြောင်း တွေ့ရမည်ဖြစ်ပါ၏။ ပညာသင်ကြားရေးဌာနများကို ခေါင်းဆောင်နေကြသော ပညာရေးဝန်ထမ်းများနှင့် ကျောင်းဆရာများ၏ အခန်းကဏ္ဍဆိုသည်ကလည်း ထိပ်ဆုံးတန်းမှာ အရေးပါလှကြောင်းကို သိကြပါမည်။

အာစရိယဂုဏောဟူသည် အထူးပင် အလေးထားအပ်သော ဂုဏ်အဖြစ် မြန်မာ့အစဉ်အလာယဉ်ကျေးမှုက အသိအမှတ်ပြု ထားပါသည်။ အထူးသဖြင့် လူ့ဘဝအစမှာ စတင်လေ့လာသင်ယူရသည့် ကလေးများအတွက် မူလတန်းပြဆရာတို့၏ တာဝန်နှင့် စွမ်းပကားမှာ မည်မျှလောက် အလေးအနက်ပြုအပ်သည်ကို သတိပြုသင့်ပါသည်။ ကလေးများသိသင့် သိအပ်သည်တို့ကို သင်ကြားပြသနိုင်သော ပညာအရည်အသွေးတို့သာမက ကိုယ်ကျင့်သိက္ခာ အမူအကျင့်တို့ကအစ နမူနာပြ ဖြစ်နေကြသည်ကို ချင့်ချိန် သိရှိနိုင်ကြမည်ဟု မြင်ပါသည်။

မူလတန်းဆရာများသည် အနာဂတ်မှာ လူကြီးလူကောင်းများ ဖြစ်လာကြမည့် ကလေးငယ်တို့အတွက် စံပြပုဂ္ဂိုလ်များ၊ ဘဝအမြင်ဆိုင်ရာ သူရဲကောင်းများဖြစ်ပါသည်။

ထို့ကြောင့်ပင် ဤကဲ့သို့သော စံပြပုဂ္ဂိုလ်များ၊ သူရဲကောင်းများ ပေါ်ထွက်ရေးကလည်း အရေးကြီးလှပါသည်။ ဆရာကောင်းများရှိပါမှ အနာဂတ် လူကြီးလူကောင်းများ လူတော်လူထက်များ အမှားအမှန်ကို ခွဲခြားပိုင်းဖြတ်တတ်သော ပညာတတ်များရှိလာမည် မဟုတ်ပါလား။

ကျောင်းသားတို့အတွက် စံပြုထိုက်သော သူရဲကောင်းဆရာများ ပေါ်ထွက်ရေးကို အားပေးသည့် နည်းလမ်းများ အစီအမံများကို အထူးဂရုပြု ချမှတ်ဆောင်ရွက်ခြင်းအားဖြင့်သာ ငြိမ်းချမ်းသော အနာဂတ် လူမှုအဖွဲ့အစည်းကို မြင်တွေ့ရမည်ဟု ယုံကြည်ပါသည်။ ။

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ မျက်နှာဖုံးတွင် ပါရှိသည့် သတင်းဓာတ်ပုံတွင် Shwe Li(1) Hydropower Co.,Ltd မှ စက်ရုံမှူး ဦးဇော်ဝင်းထွန်း **အစား** Virginia Tobacco Company Limited မှ ဥက္ကဋ္ဌ ဦးမြင့်ဦးဟု ပြင်ဆင် ဖတ်ရှုပေးပါရန်။ **စာတည်း (ဓာတ်ပုံ)**

# ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစု ပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး “စည်းလုံး ညီညွတ်စွာ” ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြစ်ငယ်ကုန်းတွင်းဆိပ်ဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

မြစ်ငယ်ကုန်းတွင်းဆိပ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်(မြစ်ငယ်)၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကုန်သေတ္တာတင်ဆောင်ထားသည့် ကွန်တိန်နာရထားစက်ခေါင်းအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။




ထို့နောက် KM Terminal Logistics(Dry Port) ခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကုန်းတွင်းဆိပ်လုပ်ငန်းများသည် ပို့ဆောင်ရေးလုပ်ငန်းများအတွက် အလွန်အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ကုန်းတွင်းဆိပ်ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကုန်သေတ္တာများကို ရထားဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းလည်း ဖြစ်ကြောင်း၊ ကုန်းတွင်းဆိပ် (Dry Port) များနှင့် ကုန်သေတ္တာရထားများ တွဲဖက်ပြေးဆွဲရာတွင် ပြည်တွင်း ပြည်ပထုတ်ကုန်၊ သွင်းကုန်များနှင့် ပတ်သက်၍ ကုန်သေတ္တာအတင်၊ အချစရိတ်များ လျှော့ချနိုင်ရေး၊ ပင်လယ်ဆိပ်ကမ်းများမှ တစ်ဆင့် အခြားသယ်ယူပို့ဆောင်ရေး ကဏ္ဍများသို့ တိုက်ရိုက်ပို့ဆောင်နိုင်ရေးသည်လည်း အရေးကြီးသည့် လုပ်ငန်းဖြစ်သောကြောင့် ရန်ကုန်သီလဝါဆိပ်ကမ်းများသို့ ရထားလမ်းများ ချိတ်ဆက်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီးနှင့် မန္တလေးတိုင်းဒေသကြီး မြစ်ငယ်တို့တွင် ကုန်းတွင်းဆိပ် (Dry Port) လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြန်မာ့မီးရထားအတွက် မြေအသုံးပြုခ (Land Use Premium)၊ နှစ်စဉ်မြေငှားရမ်းခ (Annual Rent) များကို သတ်မှတ်နှုန်းထားများအတိုင်း ရရှိသည့်အပြင် ကွန်တိန်နာရထား ပြေးဆွဲခြင်းမှလည်း ကုန်စည်ဝင်ငွေ အသွား၊ အပြန် ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်း ကိုးမျိုးမှ သင်တန်းသားသင်တန်းသူများအား သင်တန်းကျောင်း၏ ဆောင်ပုဒ်ဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်နှင့်အညီ ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ သင်တန်းသားများ ဗဟုသုတပြည့်ဝရန် စာများများ ဖတ်ရန်လိုကြောင်း၊ အချင်းချင်း စည်းလုံးညီညွတ်ရန်လိုကြောင်း မှာကြားပြီး သင်တန်းကျောင်းအတွင်းနှင့် ရထားသင်တန်းဌာနခွဲ၊ သရုပ်ပြဆောင်တွင် ဆက်သွယ်ရေးအချက်ပြလုပ်ငန်း၊ ရထားစမ်းသပ်မောင်းနှင်ခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓနုတိုင်းရင်းသားရိုးရာအကအဖွဲ့အား ဒေသဦးစီးအဖွဲ့က ထောက်ပံ့ငွေပေးအပ်

**ပင်းတယ ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံကွင်း၌ ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ သွေးချင်းတို့ရဲ့ပွဲတော်ဆီ တိုင်းရင်းသားများ၏ ရိုးရာအက ပဒေသာဖျော်ဖြေပွဲကြီး၌ ဓနုတိုင်းရင်းသားများလည်း ကိုယ်စားပြုအက အဖွဲ့ဖြင့် ဝင်ရောက်ဖျော်ဖြေသွားမည်ဖြစ်သည်။

အဆိုပါ အကပဒေသာပွဲကြီးတွင် သွားရောက် ဖျော်ဖြေမည့် အဖွဲ့များအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ အကအဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ပြခန်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ အဆိုပါ ပွဲတော်၏ Miss Ethnic Myanmar 2019 သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပင်းတယကိုယ်စားပြု ဓနုမယ် မသူဇာဇော်အား ကူညီထောက်ပံ့ငွေကျပ် နှစ်သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်မျိုးနွယ် (ပင်းတယ)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအုပ်စုရှိ မူလတန်းလွန်ကျောင်း KG တန်းမှ ကျောင်းသူလေးများကိုယ်တိုင် ဆန်းသစ်တီထွင်ဖန်တီးထားသည့် စက္ကူချိုးအရုပ်များကို ကြည့်ရှုအားပေးစဉ်။** သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သတ္တမတန်း၊ ဆဌမတန်း၊ ပဥ္စမတန်း၊ စတုတ္ထတန်း၊ တတိယတန်း၊ ဒုတိယတန်းစာသင်ခန်းတို့တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး အနာဂတ်တွင် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးအတွက် အာဟာရပြည့်ဝစွာ စားသုံးကြရေး၊ အစားအစာကို လေလွင့်မှုမရှိစေရန် စနစ်တကျ စားသောက်ကြရေးနှင့် စာကိုကြိုးစားသင်ယူရေးတို့ကို မှာကြားကာ ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေး**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းစာကြည့်တိုက်တွင် မိဘဆရာအသင်းမှ ကျောင်းသားမိဘများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံပြီး ကျောင်း၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မော်ဘီမြို့ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအုပ်စုရှိ မူလတန်းလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၄၉ ဦးတို့ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်း (၂)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး အဌမတန်း၊ သတ္တမတန်းနှင့် ဆဌမတန်းစာသင်ခန်းတို့တွင် ကျောင်းသား ကျောင်းသူလေးများ၏ ပညာသင်ကြားသင်ယူနေမှုနှင့် ကျောင်းပရဝဏ်အတွင်း ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် စိုက်ပျိုးထားသည့် သစ်ခွခြံကို ကြည့်ရှုအားပေးသည်။

**လိုအပ်သည်များ ဖြည့်ဆည်းပေး**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံပြီး ကျောင်း၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် လက်ရှိ ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၈၈၉ ဦး ပညာသင်ကြားလျက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်း အနေဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၁၄ ဒသမ ၉၉ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၁၉ ဒသမ ၂၉ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၁၉ ဒသမ ၉၉ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့် အတူ လှိုင်သာယာမြို့နယ် အမှတ်(၁) ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် မြဝတီလမ်းဆုံရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ပြီး KG တန်း၊ ဒုတိယတန်းနှင့် စတုတ္ထတန်းစာသင်ခန်းတို့တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ် (၅) အခြေခံပညာအလယ်တန်းကျောင်းတွင် KG တန်းမှ ဒသမတန်းအထိ လက်ရှိ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၄၁၀၀ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ လှိုင်သာယာမြို့နယ် (၂)ရပ်ကွက် ဗထူး (၈)လမ်းရှိ အမှတ်(၁၉) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ပြီး KG တန်းနှင့် ပထမတန်းတို့တွင်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှိုင်သာယာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံစဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားသင်ယူနေမှုနှင့် ၎င်းတို့ကိုယ်တိုင် ဆန်းသစ်တီထွင် ဖန်တီးထားသည့် စက္ကူချိုး အရုပ်ကားချပ်များကို လည်းကောင်း၊ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းပြင်ပပညာရေး သင်ကြားပေးနေမှုကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ထိုသို့ လှည့်လည်ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကျောင်းသား၊ ကျောင်းသူများ၏ ဝါသနာနှင့် အနာဂတ်ပန်းတိုင် ရည်မှန်းချက်များနှင့် ပညာရည် ပိုမိုတိုးတက်မြင့်မားရေးအတွက် လိုအပ်ချက်များကို မေးမြန်းကာ ကျောင်းစာကြည့်တိုက်တွင် စာပေဗဟုသုတ ရှာမှီးဖတ်ရှုလေ့လာရေး၊ ဉာဏစွမ်းရည်သာမက ကာယစွမ်းရည်ပါ တိုးတက်မြင့်မားစေရေးအတွက် အားကစားကို အချိန်ပေးလေ့ကျင့်နိုင်စေရေး၊ စာကို ကြိုးစားသင်ယူရုံသာမက မြန်မာစာပေကဗျာများ၏ အနှစ်သာရနှင့် အတွေးအခေါ်အယူအဆများကို နားလည်သဘောပေါက်အောင် ကြိုးပမ်းသင်ယူရေး၊ အနာဂတ်မြန်မာ့ပညာရေးလောကတွင် ကျောင်းဆရာ၊ ကျောင်းဆရာမ အချိုးအစားမျှတစေရေးအတွက် ကျောင်းသားများအနေဖြင့် နိုင်ငံတော်ကို များစွာအကျိုးပြုနိုင်ပြီး ပညာဝေပေးနိုင်သည့် ကျောင်းဆရာအလုပ်ကိုပါ အနာဂတ်ပန်းတိုင် ရည်မှန်းချက်အဖြစ် ထည့်သွင်းမျှော်မှန်း ထားရှိရေးတို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှိုင်သာယာမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူလေးများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီးမေးမြန်းစဉ်။ သတင်းစဉ်



ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel အား လက်ခံတွေ့ဆုံစဉ်။

## ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂဌာနေ အထူးကိုယ်စားလှယ်နှင့် အမေရိကန်သံအမတ်ကြီးတို့အားသီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Burgener အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr.Scot Marciel အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂဌာနေ အထူးကိုယ်စားလှယ်နှင့် တွေ့ဆုံစဉ် ရခိုင်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပမှ မှန်ကန်စွာ နားလည်သိမြင်ရေးအတွက် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ စသည်တို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

## "Invest Myanmar Summit 2019" တွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၁၂၀ ကျော်အား ပြသမည်

နေပြည်တော် ဇန်နဝါရီ ၂၅

**နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ MICC-2 တွင် ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်များတွင် ကျင်းပသွားမည့် "Invest Myanmar Summit 2019" ကို အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း စီမံကိန်း ၁၂၀ ကျော်အား ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**

"Invest Myanmar Summit 2019" ကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**စုဆောင်းထားရှိမည်ဖြစ်**

အဆိုပါ "Invest Myanmar Summit 2019" ၏ အခြားအရေးပါသောအချက်မှာ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ် (National Project Bank) ဖြစ်ပြီး ၎င်းသည် အရေးပါသော စီမံကိန်းဆိုင်ရာ အချက်အလက်များအား တစ်နေရာတည်းတွင် စုဆောင်းထားရှိမည်ဖြစ်ကြောင်း သိရသည်။

**ထောက်ပံ့ပေးနိုင်မည်**

၎င်းသည် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) အား ထိရောက်စွာအကောင်အထည်ဖော်ရာတွင် ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း Invest Myanmar ၏ထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်းများထဲမှ မန္တလေးတိုင်းဒေသကြီးရှိ မြို့သာစက်မှုစီမံကိန်းသည် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ်၏ စီမံကိန်းများအနက် တန်ဖိုးအမြင့်ဆုံးဖြစ်ကြောင်း၊ အခြေခံအဆောက်အဦနှင့် လုပ်သားအင်အားများစွာ လိုအပ်သော အစားအသောက် ကုန်ထုတ်လုပ်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်းကဏ္ဍများ၊ အရင်းအနှီးများစွာ လိုအပ်သော ဆေးဝါးထုတ်လုပ်ခြင်း၊ ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်ထုတ်လုပ်မှုကဏ္ဍများ၊ စားသုံးသူနှင့် ထုတ်လုပ်သူတို့အား ဝန်ဆောင်မှုပေးမည့် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးကဏ္ဍများ စသည့်ကဏ္ဍငါးခုတွင် အလုပ်အကိုင်အခွင့်အလမ်း ၃၃၇၀၀ ကျော်အထိ တိုးမြှင့်ရှာဖွေ ပေးနိုင်မည် ဖြစ်ကြောင်း ဖော်ပြထားသည်။

**အခွင့်အလမ်းများကို ရှာဖွေတွေ့ရှိနိုင်**

"Invest Myanmar Summit 2019" သည် စီးပွားရေးလုပ်ငန်းများ တွေ့ဆုံဖလှယ်နိုင်ရန် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရနှင့် စီးပွားရေးအဖွဲ့အစည်းတို့မှ ပူးပေါင်းဆောင်ရွက်ပြီး နှစ်ရက်တာကျင်းပမည့် ပြပွဲအတွင်း ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်၍ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်သည့် အခွင့်အလမ်းရရှိနိုင်သည့်ပွဲဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်**

## လယ်ဝေးမြို့နယ်၌ အထက်တန်းကျောင်း(ခွဲ) နှင့် ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**လယ်ဝေး ဇန်နဝါရီ ၂၅**- ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပင်ငါးမျှောင်ကျေးရွာ အထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲ၊ အလင်းရောင်ကျောင်းစာကြည့်တိုက်ဖွင့်ပွဲ၊ စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်း၌ ကျင်းပသည်။ရှေးဦးစွာ ပင်ငါးမျှောင်ကျေးရွာ အထက်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်နှင့် အလင်းရောင် ကျောင်းစာကြည့်တိုက်တို့အား နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနေဇော်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ငြိမ်းနိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီဝင်းနှင့် သစ်ပုတ်ပင်ကျောင်းအုပ်ဆရာကြီး ဦးဇော်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနေဇော်က ပညာရေးဆိုင်ရာများ ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြိတ်မြို့၌ ကျင်းပသည့် နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs )၏ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

◆ *ကျော်ဖုံးမှ*

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ထိုင်းနိုင်ငံ ပရာကျွပ်ခီရီခန်ခရိုင်မှ ဒုတိယခရိုင်ဝန် မစ္စတာ ဖိရုမ်နစ်ထရာနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ အလှူရှင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆုများ ချီးမြှင့်သွားမည်**

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် MSMEs လုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကျင်းပခဲ့ရာ ပထမအကြိမ်ကို မန္တလေးမြို့၌ လည်းကောင်း၊ ဒုတိယအကြိမ်ကို မကွေးမြို့၌ လည်းကောင်း၊ တတိယအကြိမ်ကို ပုသိမ်မြို့၌ လည်းကောင်း၊ စတုတ္ထအကြိမ်ကို တောင်ကြီးမြို့၌ လည်းကောင်း၊ ပဉ္စမအကြိမ်ကို မုံရွာမြို့၌ လည်းကောင်း၊ ဆဋ္ဌမအကြိမ်ကို ပဲခူးမြို့၌လည်းကောင်း၊ သတ္တမအကြိမ်ကို ရန်ကုန်မြို့၌ လည်းကောင်း၊ အဋ္ဌမအကြိမ်ကို မော်လမြိုင်မြို့၌ လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် ကျင်းပသည့် MSMEs ထုတ်ကုန်ပစ္စည်း ပြပွဲပြိုင်ပွဲသည် နဝမအကြိမ်မြောက်ဖြစ်ပါကြောင်း၊ နောက်ဆုံးအဆင့်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးပါဝင်နိုင်မည့် နိုင်ငံတော်အဆင့် ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲကြီးကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပြီး National Award ဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

**လုပ်ငန်းရှင်များပါ လာရောက်ပြသ**

ယနေ့ကျင်းပသည့် နဝမအကြိမ်မြောက် MSMEs ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲ၏ ထူးခြားမှုတစ်ခုသည် မြန်မာနိုင်ငံတွင်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လုပ်ငန်းရှင်များသာမက ထိုင်းနိုင်ငံမှ MSMEs လုပ်ငန်းရှင်များပါ လာရောက်ပြသကြသည်ကို တွေ့ရှိကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ MSMEs လုပ်ငန်းအချင်းချင်း ထုတ်ကုန်အရည်အသွေးများနှင့် တီထွင်ဖန်တီးမှုများကို အပြန်အလှန်လေ့လာနိုင်ခြင်း၊ တစ်ဦးလိုအပ်ချက်ကိုတစ်ဦးက ဖြည့်ဆည်းနိုင်ခြင်း၊ သတင်းအချက်အလက်များဖလှယ်နိုင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါကြောင်း။

**အကျိုးကျေးဇူးများစွာ ရရှိလာ**

ယနေ့ပြပွဲ၊ ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ MSMEs များအပြင် ရန်ကုန် တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်မှ MSMEs များပါ လာရောက်ပြသသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ လာရောက်ပြသခြင်းကြောင့် အကျိုးကျေးဇူးများစွာ ရရှိလာသည်ကို MSMEs လုပ်ငန်းရှင်များ ပိုမိုနားလည်လာကြသည်မှာ အထင်အရှားဖြစ်ပါကြောင်း၊ ယခုလို ကျင်းပသည့်နေရာတွင် လူမျိုးပေါင်းစုံ အလွှာအသီးသီး လာရောက်ကြည့်ရှုအားပေးမှု ရရှိခြင်း၊ စားသုံးသူများ၏အသံနှင့် အကြံပြုချက်များကို နားထောင်နိုင်ပြီး အချိန်မီ ပြုပြင်နိုင်ခြင်း၊ ကြော်ငြာနိုင်ခြင်း၊ ဈေးကွက်ချဲ့ထွင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်ကို MSMEs လုပ်ငန်းရှင်များ လက်တွေ့သိရှိနေကြပြီဖြစ်ပါကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ နောက်ထပ်အစီအစဉ်တစ်ခုသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ပြုလုပ်ခဲ့သည့် ပြပွဲပြိုင်ပွဲများ၌ ဆုရရှိခဲ့သည့် လုပ်ငန်းရှင်များ၏ ထုတ်ကုန်များတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ အသိအမှတ်ပြုအမှတ်တံဆိပ် (MSME Logo)ကို အသုံးပြုခွင့်ပေးသွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အဆိုပါ MSME Logo ပြိုင်ပွဲကျင်းပပြီး အကောင်းဆုံး Logo ကို ရွေးချယ်အသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ MSME Logo ကို အသုံးပြုခွင့်ပေးလိုက်ခြင်းဖြင့် ဆုရရှိသည့် MSMEs Products များအပေါ် စားသုံးသူများနှင့်သုံးစွဲသူများ၏ ယုံကြည်မှုပိုမိုရရှိပြီး ဈေးကွက်ချဲ့ထွင်နိုင်ရေးကို အထောက်အကူပြုစေရန်ပင်ဖြစ်ပါကြောင်း။

**ဈေးကွက်ချဲ့ထွင်**

ယခုလို ဒေသတွင်း ထုတ်ကုန်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲများကို မြန်မာပြည်အနှံ့လှည့်လည်ကျင်းပသည့်အတွက် မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးမှာရှိသည့် MSMEs များ၏ ထုတ်ကုန်များ အရည်အသွေးမြင့်မားလာပြီး သွင်းကုန်အစားထိုးထုတ်ကုန်များ ယခင်ထက် ပိုမိုများပြားလာခြင်း၊ ဒေသအသီးသီးတွင်ရှိသည့် ထုတ်ကုန်ကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများ အချင်းချင်းချိတ်ဆက်မှုဖြစ်လာခြင်း၊ မိရိုးဖလာစီးပွားရေးလုပ်ငန်းမှ ဆန်းသစ်တီထွင်စွန့်စားဖန်တီးမှုများဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော ကမ္ဘာ့အဆင့်မီထုတ်ကုန်များနှင့် လုပ်ငန်းဝန်ဆောင်မှုအသွင်သို့ ပြောင်းလဲလာခြင်း၊ စားသုံးသူ၏ လိုအပ်ချက်နှင့် ကြိုက်နှစ်သက်မှုကို ပိုမိုနားလည်ပြီး ဈေးကွက်ချဲ့ထွင်ကာ ကမ္ဘာ့အဆင့် တန်ဖိုးမြှင့်ထုတ်လုပ်မှုကွင်းဆက် (Global Value Chain) အတွင်း ပူးပေါင်းဆောင်ရွက်လာနိုင်ခြင်း စသည့် အကျိုးဆက်များ ရရှိလာမည်ဖြစ်ပါကြောင်း။

**ခရီးသွားများကို ဆွဲဆောင်နိုင်**

တနင်္သာရီ တိုင်းဒေသကြီးသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၁ ဒသမ ၄ သန်းကျော် နေထိုင်ပြီး ဧရိယာအားဖြင့် ၄၃၃၂၈ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါကြောင်း၊ မြောက်ဘက်တွင် မွန်ပြည်နယ်၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် ထိုင်းနိုင်ငံနှင့် အနောက်ဘက်တွင် ကပ္ပလီပင်လယ်တို့နှင့် နယ်နိမိတ်ထိစပ်နေပြီး စီးပွားရေးအရလည်း ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများစွာရှိသည့် ဒေသဖြစ်ပါကြောင်း၊ မြိတ်ကျွန်းစုများတွင် အဖြူရောင်နှင့် ရွှေအိုရောင် သဘာဝပုလဲနှင့် မွေးပုလဲလုပ်ငန်းများ၊ ဝဥ၊ ကမ်းဇော်ဆီ၊ ရော်ဘာပင်နှင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ၊ ငှက်သိုက်မွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်ငန်းနှင့် ငါးပိ၊ ငါးခြောက်လုပ်ငန်းများ ပေါ်များလှပါကြောင်း၊ ထို့ပြင် မောင်းမကန်ပင်လယ်ကမ်းခြေ၊ ထားဝယ်ရှင်ကိုးရှင်ဘုရားများ၊ တနင်္သာရီတောင်တန်း၊ ပင်လယ်နှင့် ကျွန်းစုများ စသည့်သဘာဝအလှတရားများ ပေါင်းစည်းနေသည့်အတွက် ပြည်တွင်းနှင့် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ပြီးတွင်ကျယ်လာသည့် ခရီးသွားလုပ်ငန်းများ သည် တိုင်းဒေသကြီး၏ စီးပွားရေးကိုများစွာတိုးတက်စေမည်ဖြစ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည့် စီမံကိန်းဖြစ်ပါကြောင်း၊ ကနဦးစီမံကိန်းကာလသည် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် နှစ်လမ်းသွားကားလမ်း၊ မြို့ပြအိမ်ရာနှင့် ဆိပ်ခံတံတား တည်ဆောက်ရေး စသည့်ဆောက်လုပ်ရေး လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ပါဝင်သောကြောင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည် ဖြစ်ပါကြောင်း၊ ပေါ်များလာမည့် လုပ်ငန်းခွင်အသစ်များတွင် စွမ်းရည်ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ ဝင်ရောက်နိုင်ရေးကိုလည်း အထူးအလေးထားဆောင်ရွက်ကြရန် လိုပါကြောင်း။ ***စာမျက်နှာ ၆ သို့***



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ ပုလဲကျွန်းရှိ ပုလဲမွေးမြူရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

သတင်းစဉ်

# ဆင်ခြေထောက်ရောဂါကင်းဝေးရေး၊ သန်ချဆေးပေါင်း တိုက်ကျွေးပေး

■ **ဒေါက်တာ နေရည်ရည်လင်း၊ ဒုတိယညွှန်ကြားရေးမှူး(သွေးလွန်တုပ်ကွေး / ဆင်ခြေထောက်)**

**ဆင်ခြေထောက်ရောဂါသည် လတ်တလောသေစေနိုင်သောရောဂါမဟုတ်သော်လည်း ခြေလက်အင်္ဂါပုံသဏ္ဌာန်ပျက်ယွင်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေး ထိခိုက်နစ်နာဆုံးရှုံးမှုရှိသောရောဂါတစ်ခု ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော အပူပိုင်းဒေသတွင် ဖြစ်ပွားသောရောဂါ(Neglected Tropical Diseases) အမေ့ခံ၊ အပစ်ပယ်ခံရောဂါ(၁၇) ခုအနက် တစ်ခုအပါအဝင် ဖြစ်ပါသည်။**

ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၈၅၆ သန်းသည် ဆင်ခြေထောက်ရောဂါကူးစက်နိုင်သည့် အန္တရာယ်ရှိသော နိုင်ငံပေါင်း ၅၂ နိုင်ငံတွင် နေထိုင်လျက်ရှိပြီး ယင်းတို့အနက် လူဦးရေသန်း ၁၂၀ ၌ ဆင်ခြေထောက်ရောဂါကူးစက်မှုရှိနေပါသည်။ လူဦးရေ သန်း ၄၀ ကျော်မှာ ဆင်ခြေထောက်ရောဂါလက္ခဏာတစ်ခုခုကို ခံစားနေကြရကာ သန်း ၇၀ ကျော်မှာ ရောဂါလက္ခဏာမပြဘဲ ရောဂါငုပ်နေသည့်အခြေအနေတွင်ရှိပါသည်။ အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံ ၁၁ နိုင်ငံအနက် မြန်မာနိုင်ငံအပါအဝင် ခုနစ်နိုင်ငံသည် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုရှိပြီး ပြည်သူလူထုအတွင်း ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ထားရှိပါသည်။

## နည်းဗျူဟာနှစ်ရပ်ချမှတ်ထားရှိ

ထို့ကြောင့် ၁၉၉၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြိမ်(၅၀)မြောက်ညီလာခံမှ ဆုံးဖြတ်ချက် ၅၀.၂၉ အရ "၂၀၂၀ ပြည့်နှစ်တွင် ဆင်ခြေထောက်ရောဂါကင်းဝေးရေး" ရည်မှန်းချက်ကို မြန်မာနိုင်ငံအပါအဝင် ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုရှိသော နိုင်ငံများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။ နည်းဗျူဟာနှစ်ရပ်ချမှတ်ထားရှိပြီး "ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုရှိသောဒေသများတွင် လူအားလုံးဆေးကျွေးခြင်းလုပ်ငန်း (Mass Drug Adminstration) လုပ်ငန်းဆောင်ရွက်ရန်"နှင့် "ဆင်ခြေထောက်ရောဂါဝေဒနာခံစားနေရသူများအား ကုသမှုပေးခြင်း၊ ပြည်သူလူထုအခြေပြုမိသားစုအတွင်း ပြုစုစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းဆောင်ရွက်ရန်" တို့ဖြစ်ပါသည်။

## ၉၃ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့

မြန်မာနိုင်ငံတွင် ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုရှိသော ခရိုင်ပေါင်း ၄၅ ခရိုင်တွင် လူအားလုံးဆေးတိုက်ကျွေးခြင်းကို တစ်နှစ်လျှင်(၁)ကြိမ်အနည်းဆုံးငါးနှစ်ဆက်တိုက် တိုက်ကျွေးခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် စုစုပေါင်းအမြစ်တွယ်သည့် ၄၅ ခရိုင်တွင် ၁၀ ခရိုင် (၂၂%)၌ ဆေးတိုက်ကျွေးခြင်းကို အောင်မြင်စွာ ရပ်ဆိုင်းနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း ခရိုင်ပေါင်း ၃၃ ခရိုင်၊ မြို့နယ်ပေါင်း ၁၉၂ မြို့နယ်မှာ လူဦးရေ ၃၂ သန်းခန့် တိုက်ကျွေးနိုင်ခဲ့ပြီး သန်ချဆေးပေါင်းတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံခဲ့သော ရာခိုင်နှုန်းမှာ ၂၀၁၇ ခုနှစ်တွင် ၈၇ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် ၉၃ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပါသည်။

## အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်သွားမည်

ယခုနှစ်တွင် လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းကို ဆင်ခြေထောက်ရောဂါကူးစက်မှုမရှိသည့် မြို့နယ်များ၊ ကူးစက်မှုကင်းစင်သွားသည့် မြို့နယ်များတွင် သန်ချဆေးပေါင်းတိုက်ကျွေးရန် မလိုအပ်ပါ။ ဆင်ခြေထောက်ရောဂါပိုး ကူးစက်မှုရှိနေသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုရှိ မြို့နယ် ၂၀၀ တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၃၁ ရက်နေ့အထိ(စုစုပေါင်း ၁၀ ရက်အတွင်း) တစ်ပြိုင်နက် အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၂)ခုမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့ ဖြစ်ပါသည်။

လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းအတွက် သန်းပေါင်း ၅၄၃.၈ သန်း တန်ဖိုးရှိသော DEC ဆေးပြားများနှင့် ကျပ်သန်းပေါင်း ၇၃၉.၅ သန်း တန်ဖိုးရှိသော Albendazole ဆေးပြားများကို Eisai နှင့် GlaxoSmithKline ဆေးကုမ္ပဏီများမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီအစဉ်ဖြင့် လှူဒါန်းထားပါသည်။ ဆေးများ ဖြန့်ဝေခြင်း၊ လုပ်ငန်းလမ်းညွှန်စာအုပ်များ ရိုက်နှိပ်ဖြန့်ဝေခြင်းနှင့် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်ဘတ်ဂျက်မှ ကျပ်သန်းပေါင်း ၇၃၃ သန်းကို ကျခံသုံးစွဲမည်ဖြစ်ပါသည်။

- သန်ချဆေးပေါင်းသောက်သုံးခြင်းဖြင့် မိမိနှင့် မိသားစု ဆင်ခြေထောက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ပါသည်။
- ဆင်ခြေထောက်သန်ကောင်များ သေကျေပျက်စီးပြီး ရောဂါကင်းစင်သွားပါမည်။
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆင်ခြေထောက်ရောဂါကင်းရေးစီမံချက်မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုက်ကျွေးမည့် သန်ချဆေးပေါင်းကို သက်ဆိုင်ရာမြို့နယ်များရှိ ပြည်သူလူထုများ ယုံယုံကြည်ကြည်သောက်သုံးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ယခုနှစ် လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းကို မြို့နယ်အလိုက် စီမံချက်များရေးဆွဲပြီး လူဦးရေစာရင်းကောက်ယူခြင်း၊ လိုအပ်သောဆေးဝါးများကို မှာယူခြင်း၊ ဆေးများကို မြို့နယ်များသို့ ဖြန့်ဝေခြင်း၊ ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များ၊ ဆေးတိုက်လမ်းညွှန်များကို ဖြန့်ဝေခြင်း၊ ဆေးတိုက်ရာတွင်ပါဝင်မည့် ဆေးတိုက်အဖွဲ့ဝင်များကို စေတနာ့ဝန်ထမ်းဆောင်ရွက်မည့် ပြည်သူလူထုတို့ဖြင့် ကြိုတင်၍ဖွဲ့စည်းထားပြီး အိမ်တိုင်ရာရောက် ဆေးတိုက်ကျွေးခြင်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် သင်တန်းများပို့ချလျက် ရှိပါသည်။

သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးရှိ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာမှ လူမှုရေးလုပ်ငန်းစိတ်ဝင်စားသူများက ပြည်သူလူထုအတွင်း ဆေးတိုက်ကျွေးရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှု၊ ကျန်းမာရေးဦးစီးဌာနများ၏ညှိနှိုင်းမှုဖြင့် ပူးပေါင်းပါဝင်၍ ကူညီဆောင်ရွက်ကြမည် ဖြစ်ပါသည်။

| အသက်အုပ်စု | Albendazole ဆေးပြား (၄၀၀) မီလီဂရမ် | DEC ဆေးပြား (၁၀၀) မီလီဂရမ် |
|---|---|---|
| ၂ နှစ် မှ ၅ နှစ် | ၁ ပြား | ၁ ပြား |
| ၆ နှစ် မှ ၁၄ နှစ် | ၁ ပြား | ၂ ပြား |
| ၁၅ နှစ် နှင့်အထက် | ၁ ပြား | ၃ ပြား |

မြန်မာနိုင်ငံအတွင်း ဆင်ခြေထောက်ရောဂါကင်းဝေးရန်အတွက် ဆေးသောက်ရမည့် ဦးတည်အုပ်စုတွင် ပါဝင်သူများအားလုံး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ အထက်ဖော်ပြပါအစီအစဉ်အတိုင်း "လူအားလုံးဆေးတိုက်ကျွေးခြင်း"ကို ဆောင်ရွက်တော့မည်ဖြစ်ပါသဖြင့် ပြည်သူလူထုအားလုံး ယုံယုံကြည်ကြည်နှင့် အမှန်တကယ်သောက်သုံးနိုင်ရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအဆင့်အသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နီးနွယ်ဆက်စပ်နေသော ဦးစီးဌာနများနှင့် လူမှုရေးအဖွဲ့အစည်းများသည် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

---

*စာမျက်နှာ ၅ မှ*

ဒေသတွင်း အလားအလာကောင်းသည့်လုပ်ငန်းများ စနစ်တကျ တိုးချဲ့တည်ဆောက်ရန် ကမ္ဘာ့အဆင့်အတန်းမီ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာရန်နှင့် ဈေးကွက် ချဲ့ထွင်နိုင်ရန်တို့အတွက် လိုအပ်သည့် နည်းပညာများ ပံ့ပိုးရေး၊ ရင်းနှီးမြှုပ်နှံမှုများရရှိရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ ဈေးကွက်အသစ် ဖော်ထုတ်ပေးရေးတို့ကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

### ချေးငွေအာမခံစနစ် ဖော်ဆောင်

နိုင်ငံတော်အစိုးရ အနေဖြင့် MSMEs လုပ်ငန်းရှင်များ၏ အရင်းအနှီးများ တိုးမြင့်လာစေရန်အတွက် နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးသည့် ချေးငွေ၊ ဂျပန်နိုင်ငံမှရရှိသည့် JICA Two Step Loan ချေးငွေ၊ ဂျာမနီနိုင်ငံမှရရှိသည့် KfW Loan ချေးငွေစသည့် ချေးငွေ အမျိုးမျိုးကို အတိုးနှုန်းသက်သာစွာဖြင့် MSMEs လုပ်ငန်းရှင်များသို့ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အပေါင်ပစ္စည်းတင်ပြရန် အခက်အခဲရှိသည့် လုပ်ငန်းရှင်များအတွက် ချေးငွေအာမခံစနစ်(Credit Guarantee Insurance - CGI) ကိုလည်း ဖော်ဆောင်ပေးထားပါကြောင်း။

လူ့စွမ်းအား အရင်းအမြစ်နှင့် နည်းပညာပံ့ပိုးမှုအပိုင်းတွင် စွန့်ဦးတီထွင်မှုဆိုင်ရာ သင်တန်း၊ စီးပွားရေးလုပ်ကိုင်မှု အရည်အသွေးမြှင့်တင်ရေး သင်တန်း၊ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ သင်တန်း၊ လုပ်ငန်းစီမံချက်ရေးဆွဲရေး၊ လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာငွေ စီမံခန့်ခွဲမှုသင်တန်း၊ ထုတ်လုပ်မှုနည်းပညာဆိုင်ရာ လက်တွေ့သင်တန်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်း နည်းပညာများ၊ ငါး၊ ပုစွန်၊ ရေလုပ်ငန်းအဆင့်မြှင့်တင်မှုဆိုင်ရာ နည်းပညာလွှဲပြောင်းပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းပေးခြင်း အစီအစဉ်များကို စက်မှုဝန်ကြီးဌာန အနေဖြင့်လည်းကောင်း၊ ဒေသဆိုင်ရာ MSMEs များအနေဖြင့် လည်းကောင်း နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ကြိုးပမ်းအားထုတ်

ထို့ကြောင့် ဒေသတွင်း MSMEs များအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြောင်းလဲတိုးတက်နေသည့် လူနေမှုအဆင့်အတန်း မြင့်မားလာမှုနှင့်အတူ စားသုံးသူလိုအပ်ချက်နှင့်ကိုက်ညီသော ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွားဝန်းကျင်ကို တည်ဆောက်နိုင်ရေးတို့အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်လာရန်၊ ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းများနှင့် ပိုမိုကျယ်ပြန့်စွာ ချိတ်ဆက်ပူးပေါင်းပြီး နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းသည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ ဖြစ်လာစေရန်တို့ကို ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။

### ကြိုးပမ်း ဆောင်ရွက်

အဓိကပြောကြားလိုသည်မှာ မိမိတို့၏ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးလာပြီး မြန်မာနိုင်ငံ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်တက်လာစေရန် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတက်ရေး လုပ်ငန်းကော်မတီဝင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဒေါ်လဲ့လဲ့မော်က တိုင်းဒေသကြီးအတွင်း MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs )၏ ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက အလှူငွေများပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြိတ်အများပိုင် ကော်ပိုရေးရှင်းလီမိတက်၊ အသေးစားချေးငွေလုပ်ငန်းမှ ငွေချေးသူများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြိတ်အများပိုင် ကော်ပိုရေးရှင်းလီမိတက်၊ စီမံကိန်းဒါရိုက်တာ ဦးသက်စိုးက အသေးစားချေးငွေလုပ်ငန်းနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ငွေချေးသူများကိုယ်စား ငွေချေးသူတစ်ဦးက ချေးငွေရယူခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ပြည်သူများအနေဖြင့် ချေးငွေရယူဆောင်ရွက်ကြရာတွင် ရရှိသည့် အရင်းအနှီးကို တိုးပွားအောင် စနစ်တကျသုံးစွဲကြရန်နှင့် ချေးငွေများကို မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးချသွားကြရန်၊ ထို့ပြင် ဒေသနှင့်ကိုက်ညီသည့် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ချေးငွေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ဖွင့်ပွဲအခမ်းအနား တက်ရောက်

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ရှိ Myeik Shopping Center ၌ ကျင်းပသည့် နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)၏ ထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲ (တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ဦးအောင်ထူး၊ ဦးမောင်မောင်ဝင်းနှင့် ထိုင်းနိုင်ငံ ပရာကျွပ်ခီရီခန်ခရိုင်မှ ဒုတိယခရိုင်ဝန် မစ္စတာ ဖိရမ်နစ်ထရာတို့က ပြပွဲနှင့် ပြိုင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နဝမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs )၏ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပုလဲကျွန်း ပုလဲမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး စခန်းအတွင်းရှိ မုတ်ကောင်များ သားဖောက်နေမှုအခြေအနေ၊ ပုလဲဝတ်ဆံသွင်းနေမှုအခြေအနေနှင့် ထွက်ရှိသည့် ပုလဲများခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုလေ့လာရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက ပုလဲမွေးမြူရေးစခန်းမှထုတ်လုပ်သည့် ပုလဲများအား နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေးနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရှာဖွေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**သတင်းစဉ်**

# ဆေးဝါးသိပ္ပံဖြင့် ဘွဲ့ရရှိပြီး တာဝန်ထမ်းဆောင်လျက်ရှိသူများ လုပ်သက် ငါးနှစ်ပြည့်ပါက လစ်လပ်နေသော ဦးစီးအရာရှိအရေအတွက်အပေါ်မူတည်ပြီး ရာထူးတိုးမြှင့်ခန့်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မင်းလှ မဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **ဆေးဝါးတက္ကသိုလ်များမှ ဘွဲ့ရရှိသူဦးရေ၊ အစိုးရဌာန ပုဂ္ဂလိကလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေမှု အခြေအနေနှင့် အလုပ်အကိုင်အခွင့်အလမ်းများမည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အခွင့်အလမ်းများအနေဖြင့် ဆေးဝါးသိပ္ပံဘွဲ့ရရှိပြီးပါက နိုင်ငံ့ဝန်ထမ်းအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဆေးသုတေသန ဦးစီးဌာန၊ ဆေးဝါးထုတ်လုပ်မှုစက်ရုံနှင့် ရန်ကုန်ဆေးရုံကြီးတို့တွင် ခန့်အပ်ပါကြောင်း။

ပုဂ္ဂလိက ကဏ္ဍအနေဖြင့် ပုဂ္ဂလိက ဆေးဝါးစက်ရုံများတွင် ထုတ်လုပ်မှုအပိုင်း၊ အရည်အသွေးစစ်ဆေးမှုအပိုင်းတို့တွင် ခန့်အပ်ပါကြောင်း၊ ခန့်အပ်ရာတွင်လည်း ပြည်တွင်းသာမက ပြည်ပမှ လာရောက်ဖွင့်လှစ်ထားသည့် ဆေးကုမ္ပဏီများ၊ ဆေးဝါးရောင်းချနေသည့် ဈေးဆိုင်ကြီးများတွင်လည်း ခန့်အပ်ပါကြောင်း၊ ပုဂ္ဂလိကဆေးရုံကြီးများရှိ ဆေးနှင့်ပတ်သက်သည့်နေရာတွင် အလုပ်ဝင်နေကြပါကြောင်း၊ ဆေးဝါးတင်သွင်းခြင်းလုပ်ငန်းကို လုပ်ကိုင်နေသည့် ကုမ္ပဏီများတွင်လည်း အများအပြား အလုပ်ဝင်နေကြပါကြောင်း။

ဆေးဝါးသိပ္ပံဖြင့် ဘွဲ့ရရှိသူများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)၊ ဆေးဝါးစစ်ဆေးရေးမှူးများအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ လုပ်သက် ငါးနှစ်ပြည့်ပါက ဖွဲ့စည်းပုံအရ လစ်လပ်နေသော ဦးစီးအရာရှိအရေအတွက်အပေါ် မူတည်ပြီး ရာထူးတိုးမြှင့်ခန့်ထားလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ရခိုင်ပြည်နယ်၏ ခက်ခဲသည့်ဒေသအခြေအနေအတွက် ဦးစားပေး၍ စဉ်းစားပေးမည်

ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **ရသေ့တောင်မြို့နယ် မိုးစဲကျွန်းကူတောင်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဝန်ထမ်းများနေရာတွင် အချိန်မီ ဖြည့်တင်းခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုသရေးဦးစီးဌာနအနေဖြင့် ရသေ့တောင်မြို့နယ် မိုးစဲကျွန်း ကူတောင်တိုက်နယ်ဆေးရုံအတွက် တိုက်နယ်ဆရာဝန် တစ်ဦးကို ၂၀၁၉ ဧပြီတွင် ခန့်ထားမည်ဖြစ်ပါကြောင်း၊ လက်ရှိအထက်တန်းသူနာပြု ခွင့်ပြု နှစ်ဦးတွင် တစ်ဦး ခန့်ထားပါကြောင်း၊ နောက်ထပ်သူနာပြု ခွင့်ပြု လေးဦးတွင် တစ်ဦးခန့်ထားပါကြောင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် နောက်ထပ် တစ်ဦး ထပ်မံခန့်ထားပါကြောင်း၊ နေ့စားဝန်ထမ်း တစ်ဦးလည်း ခန့်ထားပြီး ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ရခိုင်ပြည်နယ်၏ ခက်ခဲသည့် ဒေသအခြေအနေကိုလည်း သိရှိသည့်အတွက် ဦးစားပေး၍ ရှေ့ဘတ်ဂျက်တွင်လည်း စဉ်းစားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ

မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **မင်းတပ်မြို့နယ်ရှိ မကွီးအိမ်နူးမြို့စံကိုက် ၁၆ ခုတင်ဆံ့ဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန် လျာထားသည့် မြေနေရာ ၅ ဒသမ ၈ ဧကသည် ရပ်ကွက်အသစ်ဖြစ်သော မကွီးအိမ်နူးရပ်ကွက်တွင် ရှိပါကြောင်း၊ မကွီးအိမ်နူး ရပ်ကွက်သည် စီမံကိန်းလျာထားသည့် မြေနေရာဖြစ်ပါကြောင်း၊ ဆောက်လုပ်ရန်လျာထားသည့် မြေနေရာသည် ဌာနဆိုင်ရာမှ လတ်တလောတွင် ကွင်းဆင်းမြေပြင်တိုင်းတာဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါမြေအတွက် မြေပေးမိန့်ရရှိမည်ဆိုပါက ၂၀၁၉ - ၂၀၂၀ ဘတ်ဂျက်တွင် လျာထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မြေပေးမိန့်ရရှိရန်မှာ ပြည်နယ်ဦးစီးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ပါဝင်ပံ့ပိုးရန် လိုအပ်ပါကြောင်း။

ထို့ပြင် မကွီးအိမ်နူးမြို့တွင် လတ်တလော၌ စိမ့်စမ်းရေကို အဓိက အသုံးပြုလျက်ရှိပါကြောင်း၊ စိမ့်စမ်းရေ အသုံးပြုလျက်ရှိသည့် မကွီးအိမ်နူးရပ်ကွက်နှင့် တိုက်နယ်ဆေးရုံဆောက်မည့် မြေနေရာသည် ငါးမိုင်ခန့်ဝေးပါကြောင်း၊ ထို့ကြောင့် လက်ရှိအနေအထားအရ ရေမရှိသည့်အတွက် ဆောက်လုပ်၍မရပါကြောင်း၊ ရေရရှိရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့မှ စီစဉ်ပေးပြီး ရေနှင့် မြေနေရာ အဆင်ပြေပါက လာမည့်နှစ်တွင် ဘတ်ဂျက်ထည့်ဝင်ထားခြင်းဖြင့် ချင်းပြည်နယ် ပြည်သူများအတွက် အဆင်ပြေသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်နှင့် လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေးက **နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအား ကျန်းမာလန်းဆန်းဖြောင့်မတ်သော မျိုးဆက်သစ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက် ပြည်သူများ၏ ကာယစိတ္တဖွံ့ဖြိုးတိုးတက်စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးတို့နှင့်အတူ မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သော အာရုံများမှ ကင်းလွတ်သက်သာစေနိုင်သည့် အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများချမှတ်၍ တိုက်တွန်းအားပေး ဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် အဆို၏ ရည်ရွယ်ချက်မှာ အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများချမှတ်ပြီး တိုက်တွန်းအားပေးဖော်ဆောင်ပေးနိုင်ရန်၊ နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအား ကျန်းမာကြံ့ခိုင်လန်းဆန်းဖြောင့်မတ်သော မျိုးဆက်သစ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက် ပြည်သူများ၏ ကာယစိတ္တဖွံ့ဖြိုးတိုးတက်စေရေး၊ သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးနှင့် မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သော အာရုံများမှ ကင်းလွတ်သက်သာစေရေးတို့ ဖြစ်ပါကြောင်း။

ကျင့်သုံးနေဆဲ ဥပဒေဘောင်အတွင်းမှ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် လူထုအားကစား၊ ပြိုင်ပွဲဝင် ထူးချွန်အားကစားတို့ကို လုပ်ငန်းစဉ်တစ်ခုချင်းအတွက် အကောင်အထည်ဖော်ပေးနိုင်ပါရန်၊ သာမန်အသုံးစရိတ်၊ ဝန်ကြီးဌာနများမှ ထူးချွန်အားကစားသမားများကို ဝန်ထမ်းတစ်နေရာခန့်ထားရန် အသုံးစရိတ်၊ အားကစားကွင်းအတွက် အားကစားပစ္စည်း စသည့် Facility များအတွက် ငွေလုံးငွေရင်းအသုံးစရိတ် စသည်တို့ကို အမျိုးသားစီမံကိန်းဖြင့် အသေးစိတ်အစီအစဉ်များကို ရေတိုရေရှည် မျှော်မှန်းချက်များနှင့် ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းရှိနေမှသာ ဘတ်ဂျက်တောင်းခံလျာထားနိုင်သကဲ့သို့ ထိုက်တန်စွာ အသုံးချမှုလည်း ဖြစ်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ရေရှည်ရင်းနှီးမြှုပ်နှံမှုထဲမှ သိသာပေါ်လွင်ပြီး အချိန်ကာလတစ်ခုအတွင်း အကျိုးအမြတ်ပြန်ရစေမည့် မိမိ၏ မျိုးဆက်သစ်များမှ မိဘဘိုးဘွားအထိ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး စိတ်ပိုင်းဆိုင်ရာ ယုံကြည်မှုများ ဖြစ်လာစေမည်ဖြစ်သောကြောင့် အဆိုအား တင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်စိုးဝင်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က ဖတ်ကြားတင်သွင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇန်နဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# တရုတ်-မြန်မာနယ်စပ်တွင် တရုတ်နှစ်သစ်ကူးနီးပြီဖြစ်သောကြောင့် နှစ်နိုင်ငံကုန်သွယ်မှု အနည်းငယ်မျှလျော့နည်း

**မူဆယ် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း တရုတ်-မြန်မာနယ်စပ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် တရုတ်နှစ်သစ်ကူးအချိန် နီးပြီဖြစ်သောကြောင့် နှစ်နိုင်ငံကုန်သွယ်မှု အနည်းငယ်မျှလျော့နည်းနေကြောင်း သိရသည်။

တရုတ်-မြန်မာ နယ်စပ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်းအတွင်းသို့ မြန်မာဘက်မှ ပို့ကုန်အဖြစ် သတ္တုပစ္စည်းများနှင့်အတူ ပဲ၊ ပြောင်း၊ နှမ်း၊ ဆန်၊ ရော်ဘာ၊ ပြည်တွင်းထွက်သကြား၊ အေးခဲအသားအမျိုးမျိုး၊ အသီးအမျိုးမျိုး၊ ကျွဲ၊ နွား၊ ဆိတ်တို့ကို နေ့စဉ် ကုန်တင်ကားအစီးရေ ၉၀၀ ကျော်မှ ၁၂၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး တရုတ်နိုင်ငံဘက်မှ သွင်းကုန်အဖြစ် သံထည်ပစ္စည်းအမျိုးမျိုး၊ အိမ်ဆောက်ပစ္စည်း၊ ခတ်မြေသြဇာ၊ မြေဆီ၊ လယ်ယာသုံးပစ္စည်း အမျိုးမျိုး၊ စက်ယန္တရားအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ အသီးအမျိုးမျိုး စသည့် ကုန်ပစ္စည်းများဖြင့် နေ့စဉ် တစ်ရက်လျှင် ကုန်တင်ကားအစီးရေ ၃၀၀ မှ ၄၀၀ ခန့်အထိ ဝင်ရောက်လျက်ရှိကြောင်း၊ ပို့ကုန်/ သွင်းကုန် နှစ်ခုပေါင်း ကုန်တင်ကားအစီးရေ တစ်ရက်လျှင် ၁၅၀၀ မှ ၁၆၀၀ ခန့်ထိ ဝင်ရောက်ကြောင်း သိရသည်။

အဆိုပါ ကုန်သွယ်ရေးဇုန်၏ လက်ရှိအနေအထားအရ ဇန်နဝါရီ ၁ ရက်မှ ၂၃ ရက်အထိ ပို့ကုန်ပမာဏမှာ ၃၄၇ ဒသမ ၁၁၇ ဒေါ်လာသန်း ရရှိပြီး သွင်းကုန်ပမာဏမှာ ၁၂၁ ဒသမ ၂၅၇ ဒေါ်လာသန်းရရှိခဲ့သည်။ ပို့ကုန်/ သွင်းကုန် နှစ်ခုပေါင်း ကုန်သွယ်မှု ပမာဏမှာ ၄၆၈ ဒသမ ၃၇၄ ဒေါ်လာသန်း ရရှိခဲ့သည်။



တရုတ်-မြန်မာနယ်စပ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကို တွေ့ရစဉ်။

"အခု လက်ရှိအနေအထားအရတော့ နှစ်နိုင်ငံဘက်က ကုန်တင်ကားတွေကတော့ ပုံမှန်ဝင်ရောက်ပါတယ်။ ကုန်သွယ်မှုပမာဏလည်း ပြောသလောက် မလျော့နည်းပါဘူး။ အနည်းငယ်လျော့နည်းသွားတယ်ဆိုတာကလည်း တရုတ်နှစ်သစ်ကူးနီးတဲ့အတွက်ကြောင့်ပါ။ ဒါကလည်း ခဏပါ။ ဇန်နဝါရီလကုန်လို့ ဖေဖော်ဝါရီလအတွင်းဆိုရင်တော့ ကုန်သွယ်မှုက ပုံမှန်အတိုင်း ပြန်ဖြစ်မယ်လို့ ထင်ပါတယ်။ လောလောဆယ်တော့ ဖရဲ၊ သခွားနဲ့ ဆန်၊ ပြောင်း၊ ကျွဲအရှင်၊ နွားအရှင်၊ ဆိတ်အရှင်ကားတွေတော့ အဓိကပို့ကုန်အဖြစ် အများဆုံးဝင်ရောက်နေပါတယ်" ဟု ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကုန်သွယ်ရေးဇုန်အတွင်းသို့ နေ့စဉ်ဝင်ရောက်လျက်ရှိသော နှစ်နိုင်ငံဘက်မှ ကုန်တင်ကားခဈေးနှုန်းများမှာ အတက်ကားခဈေးနှုန်း ကုန်ချိန်တစ်ပိဿာလျှင် ၆၉ ကျပ်မှ ငွေကျပ် ၇၀ ရရှိပြီး အဆင်းကားခဈေးနှုန်းမှာ ငွေကျပ် ၃၀ မှ ၃၅ ကျပ်အထိ ရရှိကြောင်းနှင့် အဆင်းကားခ အစီးပြတ် ငွေကျပ် ၈၀၀၀၀၀ မှ ငွေကျပ် ၈၅၀၀၀၀ အထိ ရရှိကြောင်းသိရသည်။ ကုန်သွယ်ရေးဇုန်အတွင်း နေ့စဉ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုန်တင်ကုန်ချလုပ်သားများ၏ လုပ်အားခမှာ ငွေကျပ် ၁၂၀၀၀ မှ ၁၃၀၀၀ ထိ ရရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ကုန်သွယ်ရေးဇုန်အတွင်းမှာ ကုန်ထမ်းရလို့ပဲဖြစ်ဖြစ်၊ မထမ်းရလို့ပဲဖြစ်ဖြစ် မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ အချိန်ပြည့်နေရပါတယ်။ ဒါ့ကြောင့် အခြားအပြင်လုပ်ကို ဘာမှလုပ်လို့မရပါဘူး။ အခုရရှိတဲ့ လုပ်အားခကလည်း အိမ်လခရယ်၊ ကလေးကျောင်းစရိတ်ရယ်၊ ကျန်းမာရေး၊ ပညာရေး၊ ရေဖိုး၊ မီးဖိုးတွေနဲ့ဆိုရင် ဘာမှမကျန်ပါဘူး။ မနည်းချွေတာပြီး စားရပါတယ်။ အခုဆိုရင် လုပ်သက်ကြီးသူတွေ၊ ကျန်းမာရေးမကောင်းကြသူတွေ၊ မိသားစုအဆင်မပြေသူတွေ၊ ကိုယ်ခွဲမရှိတဲ့သူတွေ နုတ်ထွက်ခွင့်တင်နေကြတာတွေ အများကြီး တွေ့ရပါတယ်။ ဒီထက်မက လုပ်အားခတွေကျနေရင်တော့ ကျွန်တော်တို့အတွက် အခက်အခဲအများကြီးရှိပါတယ်" ဟု ကုန်တင် ကုန်ချ လုပ်သားတစ်ဦးက ပြောသည်။

တရုတ်-မြန်မာ အသီးရောင်းဝယ်လျက်ရှိသော မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းရှိ အရှေ့မြောက်တံခါး အများပိုင် သစ်သီးကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်မိုးကလည်း "ကျွန်တော်တို့ နှစ်နိုင်ငံ အသီးရောင်းဝယ်ရေးကို နေ့စဉ် နံနက် ၇ နာရီကနေ ၁၀ နာရီဝန်းကျင်အထိ ပြုလုပ်တာဖြစ်ပါတယ်။ လောလောဆယ် တရုတ်နှစ်သစ်ကူးအချိန်နီးပေမယ့် အသီးကားတွေကတော့ နေ့စဉ် အစီး ၄၀၀ ကျော်မှ ၅၀၀ လောက်အထိ ဝင်ရောက်ရောင်းချနေတာကို တွေ့ရပါတယ်။ အရင်က ပန်ဆိုင်း(ကျူကုတ်) လမ်းကိုပဲ အသုံးပြုနေရတာဆိုတော့ လမ်းကျပ်တာတွေရှိတာပေါ့။ အခု ကျိန်စန်းကျော့လမ်းကို ပြန်ဖွင့်ပေးတာကြောင့် အသီးကားတွေအနေနဲ့ သွားလာရတာ ပိုပြီးအဆင်ပြေတာပေါ့။ ဒီမှာလာရောက်ရောင်းချနေတဲ့ ဖရဲဈေးကတော့ ထျန်ဝမ့်(ဂျပ်ဖာ) တစ်ဖာ ၂ ဒသမ ၅ ယွမ်မှ ၂ ဒသမ ၉ ယွမ်အထိ၊ အစေ့မဲ့(ဂျပ်ဖာ) ၂ ယွမ်ကနေ ၂ ဒသမ ၅ ယွမ်အထိ၊ ၈၈၅ အသီးကတော့ ၁ ဒသမ ၁ ယွမ်မှ ၁ ဒသမ ၇ ယွမ်အထိ ရရှိပြီး သခွားဈေးကတော့ ရွှေဝါ ၂ ယွမ်ကနေ ၃ ဒသမ ၅ ယွမ်အထိ၊ ဖရဲသခွား ၂ ယွမ်ကနေ ၃ ဒသမ ၅ ယွမ်အထိ၊ ဝူခုံးသခွားဈေးကတော့ ၃ ဒသမ ၅ ယွမ်မှ ၅ ဒသမ ၈ ယွမ်အထိ ရရှိတာဖြစ်ပါတယ်။ အခုဆိုရင် အဝေးက ကုန်သည်တွေ သိပ်မလာတော့ဘူး။ ရွှေလီ၊ ကျယ်ဂေါင်နဲ့ ဝမ်တိန်မြို့က ကုန်သည်တွေပဲ အများဆုံးလာရောက်ဝယ်ကြတယ်။ နှစ်ကူးပြီးရင်တော့ အသီးရောင်းအား အရင်လိုပုံမှန်အတိုင်း ပြန်ဖြစ်သွားမှာပါ"ဟု ပြောကြားသည်။

**သန့်ဇင်(မူဆယ်)**

# မတူပီမြို့မှစျေးအား သုံးထပ်စျေးအသစ် တည်ဆောက်ပေးနိုင်ရန် စိတ်ဝင်စားသူလုပ်ငန်းရှင်များ ခေါ်ယူလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နေရာများ အစားထိုးပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက် ရယူသည်။

## ဟိုပန်မြို့နယ်တွင် မြို့နယ်သာသနာရေးမှူးရုံး ဖွင့်လှစ်ထားရှိပြီး မြို့နယ်သာသနာရေးမှူးခန့်အပ်ကာ သာသနာရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်လျက်ရှိ

ဆက်လက်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ်မြောက်ပိုင်း "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်တွင် ခရိုင်သာသနာရေးမှူးရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ဝန်ကြီးဌာနအနေဖြင့် ခရိုင်သာသနာရေးမှူးရုံး တိုးချဲ့ဖွဲ့စည်းခွင့်ပြုရန် တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဝန်ထမ်းခန့်ခြင်းတို့အပေါ် ချမှတ်သင့်သည့် မူဝါဒ၊ အခြေခံစံများအတွက် မူဝါဒတစ်ရပ် ညှိနှိုင်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဟိုပန်ခရိုင် သာသနာရေးမှူးရုံး တိုးချဲ့ဖွဲ့စည်းခြင်းကိစ္စကို စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ သို့သော် ဟိုပန်မြို့နယ်တွင် မြို့နယ်သာသနာရေးမှူးရုံး ဖွင့်လှစ်ထားရှိပြီး မြို့နယ်သာသနာရေးမှူးခန့်အပ်ကာ သာသနာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ဟိုပန်ခရိုင် သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့တွင် ခရိုင်အင်္ဂါရပ်နှင့် ညီညွတ်သော မြို့မစျေးတစ်ခုကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးညီညီထွန်းက ခရိုင်အင်္ဂါရပ်နှင့် ညီညွတ်သော မြို့မစျေးတစ်ခုကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ရန်အတွက် Developer စနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသူလုပ်ငန်းရှင်များကို ခေါ်ယူလျက်ရှိပါကြောင်း၊ စိတ်ဝင်စားသူများရှိပါက မတူပီမြို့မစျေးအား သုံးထပ်စျေးအသစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးကြည်မင်း



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်

## နှစ်စဉ်ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်ပြီး တူးမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် သဲနုန်းတူးဖော် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ လင်းဇင်းဆည်ရေသောက် မြောင်းမတော်ကြီး၊ စလင်းမြောင်းမကြီး ဆင်ဖြူကျွန်းမြောင်း (မုန်းမြောင်း ဆည်ရေသောက်လက်တံ) တို့မှ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများနှင့် ကြို့ဝန်းနယ် ဒုတိယဦးစီးမှူး နေအိမ်ပြုပြင်ခြင်း လုပ်ငန်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လင်းဇင်းရေလွှဲဆည်၏ ရေသောက်စနစ်မှ ရေပေးမြောင်းများမှာ ၁၉၃၄ ခုနှစ်က ဖောက်လုပ်ခဲ့သော ရေပေးမြောင်းများ ဖြစ်ပါကြောင်း၊ သက်တမ်းအားဖြင့် ကြာမြင့်ပြီဖြစ်ပြီး နှစ်စဉ်ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တူးမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် သဲနုန်းတူးဖော်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ယခုဘဏ္ဍာနှစ်တွင် မြောင်းမတော်မြောင်း ပေတိုင် ပေ ၁၉၀၀၀ မှ ၈၄၀၀၀ အထိ၊ စလင်းမြောင်းမကြီး ပေတိုင် ပေ ၅၅၀၀၀ မှ ၁၀၀၅၃၇ အထိ၊ ဆင်ဖြူကျွန်းမြောင်းပေတိုင် ပေ ၂၅၀၀၀ မှ ၄၅၀၀၀ အထိ စသည့် မြောင်းအပိုင်းများကို သဲနုန်းတူးဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဘတ်ဂျက် သာမန်အသုံးစရိတ်ရန်ပုံငွေတွင် ခွဲဝေရရှိပြီးဖြစ်သည့်အတွက် လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

## ကြို့ဝန်းနယ် ဒုတိယဦးစီးမှူးနေအိမ် ပြုပြင်ရန်ကိစ္စနှင့် ပတ်သက်၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုသာမန် အသုံးစရိတ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားတင်ပြ တောင်းခံပြီး ဆောင်ရွက်ပေးသွားမည်

ကြို့ဝန်းနယ် ဒုတိယဦးစီးမှူးနေအိမ် ပြုပြင်ရန်ကိစ္စနှင့် ပတ်သက်၍ အဆိုပါနေအိမ်အဆောက်အအုံမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၈၀ ကျော်ခန့်က တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နှစ်ကာလကြာမြင့်သည်နှင့်အမျှ အမိုးနှင့် မျက်နှာကြက်များ၊ နံရံနှင့် ကြမ်းခင်းများ ပြန်လည်ပြုပြင်ပေးရန်နှင့် ခြံစည်းရိုးကာရံပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အဆိုပါနေအိမ် အဆောက်အအုံ ပြုပြင်ပေးနိုင်ရန် လိုအပ်သည့်ရန်ပုံငွေ တွက်ချက်ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုသာမန် အသုံးစရိတ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်နှင့် မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိုင်သီဟတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား** အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇန်နဝါရီ ၂၈ ရက် တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

# မြေငလျင်များကြောင့် တောင်နဝင်း ပင်မရေလှောင်တမံ ထိပ်မျက်နှာပြင်အက်ကြောင်းရာဖြစ်ပေါ် တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် တာဝန်ရှိသူများ စီမံဆောင်ရွက်သွားမည်ဟု သိရ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်နဝင်း ပင်မရေလှောင်တမံ၏ ထိပ်မျက်နှာပြင်တွင် အက်ကြောင်းဖြစ်ပေါ်မှုနှင့် ပတ်သက်၍ လက်ရှိအခြေအနေမှာ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက ထုတ်ဖော်ပြောကြားသည်။

တမံကို ၂၄ နာရီ အချိန်ပြည့် စောင့်ကြည့် တိုင်းတာစစ်ဆေးလျက်ရှိပြီး တမံကိုယ်ထည်နှင့် အောက်ခံအုတ်မြစ် အခြေအနေများကို ဘူမိဗေဒဆိုင်ရာ စူးစမ်းတိုင်းတာခြင်း နည်းပညာများဖြင့် အသုံးပြု၍ စူးစမ်းတိုင်းတာခြင်းလုပ်ငန်းများကို ယနေ့မှ စတင်ကာ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### အချိန်နှင့်တစ်ပြေးညီ

ထို့အပြင် ဘူမိဗေဒဆိုင်ရာ စူးစမ်းတိုင်းတာမှုများအရ တွေ့ရှိမှုများကို အခြေခံ၍ ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များကို အချိန်နှင့် တစ်ပြေးညီ စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝေထံမှ သိရသည်။


အဆိုပါတမံ၏ ပေတိုင် ၆၀၀၀ မှ ၆၁၀၀ ပေအကြား တမံထိပ်ပြင်တွင် အလျားပေ ၁၀၀ ခန့်၊ အနက် သုံးပေခန့်၊ အကျယ် သုံးလက်မခန့်ရှိ ကန့်လန့်ဖြတ် အက်ကြောင်းတစ်ခုဖြစ်ပြီးနောက် တမံကိုယ်ထည် မြေသားလှုပ်ရှားမှုကို ထိန်းချုပ်နိုင်ရန်အတွက် အက်ကြောင်း အတွင်းသို့ သဲကြမ်းများဖြည့်ထည့်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် အက်ကြောင်းအတိုင်းအတာ ပမာဏပြောင်းလဲလာမှု ရှိ မရှိ၊ တမံထိပ် မျက်နှာပြင် နိမ့်ကျပြောင်းလဲလာမှု ရှိ မရှိ၊ တမံကိုယ်ထည်မှာ အနောက်ဘက်သို့ ရွေ့လျားမှု ရှိ မရှိ စောင့်ကြည့်တိုင်းတာ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ပြောင်းလဲမှု၊ ရွေ့လျားမှု တစ်စုံတစ်ရာ မရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

### မြေငလျင်လှုပ်ခတ်

ထို့အပြင် ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒီဇိုင်းပညာရှင်နှင့် ဘူမိဗေဒပညာရှင်များ ပါဝင်သောအဖွဲ့က လည်းကောင်း၊ ဂျပန် (ODA) ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဆည်ရေသောက်စနစ်များ ပြုပြင်ခြင်း စီမံကိန်းမှ ဂျပန်အတိုင်ပင်ခံပညာရှင် Mr. Mori က လည်းကောင်း တောင်နဝင်း ပင်မရေလှောင်တမံသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ အဆိုပါ ပညာရှင်များ၏ ကွင်းဆင်းစစ်ဆေး သုံးသပ်ချက်အရ ရေလှောင်တမံ တည်ရှိရာ ပေါက်ခေါင်းမြို့၏အရှေ့ဘက် ၁၆ မိုင်ခန့်အကွာကို ဗဟိုပြု၍ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် အင်အား ၃ ဒသမ ၈ အဆင့်ရှိ မြေငလျင် လှုပ်ခတ်ခြင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့၏မြောက်ဘက် ခြောက် မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ၅ ဒသမ ၁ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခြင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ရေလှောင်တမံအနီး ဗဟိုပြုကာ အင်အား ၄ ဒသမ ၅ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခြင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့၏ အရှေ့ဘက် ၁၃ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ၃ ဒသမ ၇ အဆင့်ရှိ မြေငလျင် လှုပ်ခတ်ခြင်း စသည်ဖြင့် ငလျင်လေးကြိမ် လှုပ်ခတ်ခဲ့ကြောင်း စိစစ်တွေ့ရှိရကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုများ၏ သက်ရောက်မှုကြောင့် တမံအောက်ခြေ အုတ်မြစ် ကျောက်သားတွင် လှုပ်ရှားမှု ဖြစ်ပေါ်ပြီး တမံထိပ်မျက်နှာပြင်၌ အက်ကြောင်းဖြစ်ပေါ်ရခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်ရရှိပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇန်နဝါရီ ၂၀ ရက်တွင် တမံကြံ့ခိုင်မှုအခြေအနေကို ကွင်းဆင်း စစ်ဆေးကြည့်ရှုမှု လမ်းညွှန်ချက်အရ ရေလှောင်တမံ၏ ဘေးအန္တရာယ် ကျရောက်နိုင်သည့် အခြေအနေမရှိသော်လည်း ပိုမိုလုံခြုံစိတ်ချစွာ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်၍ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး အရေးပေါ် အခြေအနေ စီမံချက်ကို ရေးဆွဲထားရှိပြီး ဖြစ်သည်။ တောင်နဝင်း ပင်မရေလှောင်တမံ၏ ထိပ်မျက်နှာပြင်တွင် အက်ကြောင်း ဖြစ်ပေါ်မှုနှင့် ပတ်သက်၍ တမံအောက် ဘက်ရှိ ဒေသခံပြည်သူများအနေဖြင့် တစ်စုံတစ်ရာ စိုးရိမ်ပူပန်မှု မရှိစေရေး အသိပေး ရှင်းလင်းပြောကြားမှုများလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံး ချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**သိန်းသိမ်မိုး(မြန်မာ့အလင်း)**



အက်ကွဲကြောင်းဖြစ်ပေါ်သည့် တမံထိပ်မျက်နှာပြင်အား ပညာရှင်များ ကြည့်ရှုစစ်ဆေးစဉ်။ ဓာတ်ပုံ-အောင်မိုး(စိုက်ပျိုးရေး)

## အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄ ရက်မြောက်နေ့တွင် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) ၏ ဧည့်သည် ၁၂ ဦး၊ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) ၏ မိတ်ဆွေ တစ်ဦးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ အသင်းဝင် ၁၁ ဦး စုစုပေါင်း ၁၃၄ ဦး တို့သည် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသား လွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့လာရောက်လေ့လာသည့်ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၈၁၉၉ ဦးနှင့် ပြည်ပဧည့်သည် ၁၇၆၇ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)ကို ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးရုံး စုပေါင်းခန်းမ၌ကျင်းပသည်။




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)တွင် တက်ရောက်ဆွေးနွေးစဉ်။

**ရေရှည်တည်တံ့ရေး**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များ ပြန်လည်သုံးသပ်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲကောင်းမွန်ရေးအတွက် မဖြစ်မနေ ထပ်မံဆောင်ရွက်သင့်သည့် ဖြည့်စွက်လုပ်ငန်းများကို အကြံပြုတင်ပြကြရန်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လျာထားရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ရန်ပုံငွေဖြင့် ဆက်စပ်ဆောင်ရွက်မည့် လုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ Overlab မဖြစ်စေရန်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ဘတ်ဂျက်များဖြင့် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရန်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးတင်ပြလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုရန်ပုံငွေအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများသို့ ခွဲဝေခွင့်ပြုခဲ့သည့် ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများက ဒေသအလိုက် ဆောင်ရွက်နေကြသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ရေရှည်တည်တံ့ ကောင်းမွန်ရေးအတွက် မဖြစ်မနေ ထပ်မံဖြည့်စွက်ပေးရန်လိုအပ်သည့် လုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ ဆန္ဒလိုအပ်ချက်များနှင့်အညီ ထပ်မံဆောင်ရွက်ရန် လိုအပ်သည့် လမ်း၊ တံတား၊ စိမ့်စမ်းရေသွယ်ယူခြင်း၊ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ခြင်း၊ ဆိုလာမီးလင်းရေး စသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

**မူဝါဒများနှင့်အညီ ဆောင်ရွက်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က နယ်စပ်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့များက ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးနေမှု၊ သတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ဖြေကြားရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့ ပူးပေါင်းညှိနှိုင်းပေါင်းစပ်၍ ဖြေကြားခဲ့သော ကိစ္စရပ်များ၊ ဘိန်းအစားထိုး ဖွံ့ဖြိုးရေး ရေရှည်ပြေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

**သတင်းစဉ်**

# မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**မနီလာ ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်နိုင်ငံ Presidential Communications Operations Office (PCOO) တို့အကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ Presidential Communications Operations Office (PCOO) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဖိလစ်ပိုင်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီး Jose Ruperto Martin M. Andanar တို့ လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာ (MoU) ကို အပြန်အလှန် လဲလှယ်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဖိလစ်ပိုင်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဖိလစ်ပိုင်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီး Jose Ruperto Martin M. Andanar နှင့် ဖိလစ်ပိုင်နိုင်ငံ သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြင့်ပုဂ္ဂိုလ်များသည် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် နှစ်နိုင်ငံ သတင်းပြန်ကြားရေးနှင့် မီဒီယာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲနှင့် ဆွေးနွေးပွဲ အခမ်းအနားများသို့ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်၊ ဖိလစ်ပိုင်ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ဒုတိယဝန်ကြီးများဖြစ်ကြသော Atty . Marvin R. Gatpayat၊ George A. Apacible နှင့် Loraire T Badoy နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Burgener အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ မေခလာခန်းမ၌ တွေ့ဆုံသည်။

**ဖွဲ့စည်းဆောင်ရွက်**

တွေ့ဆုံစဉ် IDP စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ မဟာဗျူဟာ ရေးဆွဲဆောင်ရွက်နေမှု အခြေအနေ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် သတင်းအချက်အလက်အမှန်များ ပေးအပ်နိုင်ရေးအတွက် Fact-Sheet ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်သူများ၏ တိုင်ကြားစာနှင့် အသနားခံစာများအား လေ့လာစိစစ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်က ကော်မတီဖွဲ့စည်းထားရှိမှု၊ တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် နေရပ်စွန့်ခွာသူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ဆောင်ရွက်နေမှု အခြေအနေများ၊ ကြက်ခြေနီ လှုပ်ရှားမှုအနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ICRC နှင့် IFRC တို့မှ ပံ့မှန်လုပ်ငန်းများအပြင် လတ်တလော အခြေအနေများတွင် နေရပ်စွန့်ခွာသူများအား ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ထောက်ပံ့ဆောင်ရွက်ပေးနေမှုများ၊ လာမည့် ရက်သတ္တပတ်အတွင်း ရခိုင်ပြည်နယ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် လုပ်ငန်းစီမံကိန်းရေးဆွဲဆောင်ရွက်မည့် အခြေအနေများ၊ အာဆီယံနိုင်ငံများ၊ AHA စင်တာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေနိုင်ရေး ကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ ပြင်ဆင်ရေးဆွဲနေပြီး မကြာမီ အတည်ပြုနိုင်မည့် အခြေအနေများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးတို့အတွက် အမျိုးသားအဆင့် ကော်မတီ၊ လုပ်ငန်းကော်မတီများဖြင့် ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

**သတင်းစဉ်**

# “သွေးချင်းတို့ရဲ့ပွဲတော်ဆီ”ပွဲတော် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

**မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” ပွဲတော် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်း၌ ကျင်းပသည်။**




ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” ပွဲတော် မုခ်ဦးဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ - လှမိုး

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ တိုင်းရင်းသားများ၏ ချစ်ကြည်ရင်းနှီးမှု စည်းလုံးညီညွတ်မှုကို ဖော်ဆောင်စေသည့် ပွဲတော်ကြီးကို ပထမဆုံးအနေဖြင့် ကျင်းပနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းကိုလည်း များစွာကျေးဇူးတင်ဂုဏ်ယူမိပါကြောင်း။

**တိုင်းရင်းသားများ၏စီးပွားရေး**

၂၀၁၈ ခုနှစ် ဇန်နဝါရီလက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန နေပြည်တော်တွင် ကျင်းပခဲ့သည့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်မှရရှိသည့် စီးပွားရေးဆိုင်ရာ ဆွေးနွေးချက်များအရ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းအသင်းအနေဖြင့် နိုင်ငံတော်ရှိ တိုင်းရင်းသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများမှာ ပါဝင်ကူညီဆောင်ရွက် အတွေးအမြင်များလည်း မတူညီမှုများစွာ ရှိနိုင်ကြောင်း၊ အတွေးအမြင် မတူညီခြင်းကို ဘေးဖယ်ထားပြီး တူညီခြင်းကို စုစည်းကာ ရှေ့ဆက်ဆောင်ရွက်၍ ရသည်ရှိသကဲ့သို့ မတူညီသော်လည်း ပေါင်းစပ်ပြီး ဆောင်ရွက်နိုင်သည်များလည်း ရှိပါကြောင်း၊ မိမိတို့နိုင်ငံကိုလည်း မတူကွဲပြားမှုများ များနေပါစေ စုစည်းတည်ဆောက်၍ ရနိုင်ကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားများ ပါဝင်သည့်ပွဲတော်များ ကျင်းပခြင်းကြောင့် တိုင်းရင်းသားများအချင်းချင်း တစ်ဦးနှင့်တစ်ဦး မတူကွဲပြားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုသိရှိနားလည်လာကြပြီး ရင်းနှီးချစ်ကြည်မှုများ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ရင်းနှီးချစ်ကြည်မှုမှသည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ယုံကြည်မှုများ တိုးပွားရရှိလာမည် ဖြစ်ကြောင်း၊ သို့မှသာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယကင်းစင်ပြီး ခိုင်မာသည့် ယုံကြည်ချက်များဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် တာဝန်ရှိသူများ “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” ပွဲတော်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ-သန်းထိုက်(လှိုင်သာယာ)

ပေးနိုင်သည့် ခိုင်မာသောအသင်းအဖွဲ့ ဖြစ်ရန်အတွက် ရည်မှန်းချက်ထားရှိပြီး ဖွဲ့စည်းခဲ့သည့် အသင်းဖြစ်သည်ဟုလည်း သိရှိထားပါကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အရေးကြီးသည့်အချက်လည်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိမှသာ နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်ငြိမ်းချမ်းသာယာမှသာ ပြည်သူလူထု၏ စီးပွားရေးသည်လည်း ကြီးပွားတိုးတက်မည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားမျိုးနွယ်စုများစွာ ကွဲပြားနေကြသကဲ့သို့ နောက်ခံ သမိုင်းကြောင်းများအရ နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဆွေးနွေးအဖြေရှာနိုင်မည်ဖြစ်ပါကြောင်း။

ယခုအချိန်အခါတွင် မိမိတို့ မြန်မာနိုင်ငံကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေး ရည်မှန်းလျက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုးပမ်းတည်ဆောက်လျက်ရှိသည့် အချိန်အခါ ဖြစ်ပါကြောင်း၊ ထိုသို့ တည်ဆောက်ရာတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အစည်းအဝေးများ ကျင်းပလျက်ရှိကာ တတိယအကြိမ် အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီကျင့်စဉ်များ၊ ဖက်ဒရယ်အခြေခံမှုများ ရရှိထားပြီးဖြစ်ကြောင်း။

**အမျိုးသားပြန်လည်သင့်မြတ်မှုခိုင်မာ**

တိုင်းရင်းသားများ အချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများဖြင့် စည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုများကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး မလွဲမသွေ တည်ဆောက်သွားနိုင်မည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သူ့အလှနှင့်သူ ကိုယ်စီရှိကြကြောင်း၊ တိုင်းရင်းသားလူမျိုးများတွင်လည်း ၎င်းတို့မျိုးနွယ်အလိုက် လူမျိုးစုအလိုက် အလှကိုယ်စီရှိကြကြောင်း၊ ၎င်းတို့တွင် ရှိကြသည့် အလှတရားများနှင့် ပြည်ထောင်စုကြီးကို တန်ဆာဆင်ကြရန် လိုအပ်ကြောင်း။

တိုင်းရင်းသား လူမျိုးအလိုက် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ အစဉ်ထာဝရ ဖွံ့ဖြိုးတိုးတက်တည်တံ့ခိုင်မြဲလာစေရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးကလည်း ၎င်းတို့၏ ဘာသာစကား ယဉ်ကျေးမှုဓလေ့ထုံးစံများကို တန်ဖိုးထားရန်နှင့် အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားမှုရှိပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း။

**ငြိမ်းချမ်းမှ ဖွံ့ဖြိုးမည်**

တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးသည် ဒွန်တွဲနေပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိုခွဲခြား၍ မရနိုင်ကြောင်း၊ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုရှိမှလည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မည် ဖြစ်ကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်သည် လမ်းပန်းဆက်သွယ်ရေးနှင့် စွမ်းအင်လုံလောက်စွာ ရရှိရေးပင်ဖြစ်ကြောင်း၊ ယင်းအခြေခံလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသကဲ့သို့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကလည်း ဒေသတွင်း စီးပွားရေးလုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက်ပေးမှသာ အမြန်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အသင်းခွဲများ ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သည့်အတွက် ယင်းအချက်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။

ယခုပွဲတော်ကြီးတွင် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ တေးသီချင်းဖျော်ဖြေမှုများ၊ တိုင်းရင်းသားများ၏ နေထိုင်မှုများနှင့် အသုံးအဆောင်များကိုပြသမည့် ယဉ်ကျေးမှုပြခန်းများ၊ ဒေသအသီးသီးက တိုင်းရင်းသားရိုးရာ အစားအစာများ၊ ရိုးရာဝတ်စုံများနှင့် ထွက်ကုန်ပစ္စည်းများရောင်းချမည့် ဈေးဆိုင်တန်းများ၊ အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်မည့် နေရာများ၊

*စာမျက်နှာ ၁၁ သို့*



ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများ “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ - လှမိုး

## သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ ကျေးနဝီသတိမအစည်းအဝေးနှင့် သတ္တမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ကျေးနဝီသတိမ အစည်းအဝေးကို ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း (၂၊ ၃၊ ၄၊ ၅)ရက် ၂၀၁၉ ခုနှစ် မတ်လ (၇၊ ၈၊ ၉၊ ၁၀) ရက်၊ ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များ တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း (၆၊ ၇) ရက်၊ ၂၀၁၉ ခုနှစ်၊ မတ်လ (၁၁၊ ၁၂) ရက်၊ တနင်္လာ၊ အင်္ဂါနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၀ ပြည့်နှစ်၊ တပေါင်း လဆန်း(၁) ရက်၊ ၂၀၁၉ ခုနှစ်၊ မတ်လ (၆) ရက်၊ ဗုဒ္ဓဟူးနေ့အရောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထား ပြီး ဖြစ်သည်။

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း (၉၊ ၁၀၊ ၁၁)ရက်၊ ၂၀၁၉ ခုနှစ်၊ မတ်လ(၁၄၊ ၁၅၊ ၁၆)ရက်၊ ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ကြီးများသည် ၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း(၈) ရက် ၂၀၁၉ ခုနှစ် မတ်လ(၁၃) ရက်၊ ဗုဒ္ဓဟူးနေ့အရောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပုံနှိပ်စက်ရုံနှင့် သတင်းစာတိုက်များအား စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင် လမ်းခွဲရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော်သတင်းစာတိုက်နှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း နေပြည်တော်သတင်းစာတိုက်ရှိ ဆေးခန်းနှင့် ဝန်ထမ်း များအတွက် အပန်းဖြေနားနေခန်း ဖွင့်လှစ်ထားမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။




**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ သင်တန်းခန်းမ၊ စာကြည့်တိုက်၊ ပုံနှိပ်စီစဉ်ရေး ဌာန၊ ကွန်ပျူတာသင်တန်းခန်းမနှင့် ပုံနှိပ်စက်ဟောင်းများ ပြတိုက်ဖွင့်လှစ်ရန် ပြင်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မူကြိုကျောင်းသို့ရောက်ရှိပြီး ကလေးများ အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ ပြင်ပ ကလေးကစားကွင်း၊ ဖူဆယ်ဘောလုံးကွင်း၊ ဘော်လီဘောကွင်း နှင့် ပိုက်ကျော်ခြင်းကွင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းအိမ်ရာများနှင့် လူပျိုဆောင်/အပျို ဆောင်များ၊ ဝန်ထမ်းသက်သာဆိုင်နှင့် ဈေးဆိုင်တန်းများ ဖွင့်လှစ်ရောင်းချပေးမှု အခြေအနေများအား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံ တွင် ပညာရေးဝန်ကြီးဌာနအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် များ ရိုက်နှိပ်မှုနှင့် ထုပ်ပိုးနေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့အလင်းသတင်းစာတိုက်နှင့် ကြေးမုံသတင်းစာတိုက်တို့ရှိ သတင်းခန်းနှင့် ပုံနှိပ်စက်တို့ကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက် များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ သတင်းစာတိုက်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။**

**ပွင့်လင်းစွာတင်ပြ**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများ နှင့် ဘိုးဝဇီရခန်းမ၌တွေ့ဆုံပြီး အခြေအနေအရ ဝန်ထမ်းများနှင့် မကြာခဏတွေ့ဆုံခွင့် မရရှိသော်လည်း ယခုကဲ့သို့ တွေ့ဆုံခွင့်ရရန် အစဉ်သဖြင့် ဆန္ဒရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လိုအပ်ချက်နှင့် အခက်အခဲများကို ပွင့်လင်းစွာတင်ပြကြမှသာ ဆောင်ရွက်နိုင်သည်များကို အမြန်ဆုံး၊ အဖြစ်နိုင်ဆုံး လုပ်ဆောင် ပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားပြီး ကျန်းမာရေးနှင့် လူမှုဖူလုံ ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရေး၊ ဝန်ထမ်းအချင်းချင်းရင်းနှီးချစ်ခင်စွာ စည်းလုံးညီညွတ်စွာ၊ ပျော်ရွှင်စွာဖြင့် လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ရေး၊ လိုအပ်ချက်နှင့် အခက်အခဲများရှိက ပွင့်လင်းစွာတင်ပြဆောင် ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲနိုင်တို့က ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်ပြောကြားပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

အထူးသဖြင့် တိုင်းရင်းသူအလှမယ် Miss Ethnic Myanmar 2019 ရွေးချယ်ပွဲကို ကျင်းပသွားမည်ဟုသိရှိရ၍ တစ်နေရာတည်းတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများကို ရောက်ရှိသွား နိုင်မည်ဟု ပြောရမည်ဖြစ်ကြောင်း။

**ခရီးသွားများဆွဲဆောင်နိုင်**

မြန်မာနိုင်ငံ၏ သာယာလှပသည့် နယ်မြေအသီးသီးတွင် ရှိကြသည့် တိုင်းရင်းသားများ၏ ချစ်စရာဓလေ့ထုံးစံ များနှင့် ရိုးရာယဉ်ကျေးမှုများ၊ ရိုးရာ အစားအစာများသည် နိုင်ငံ့ဂုဏ်ကျက် သရေကို များစွာတိုးတက်စေသကဲ့သို့ နိုင်ငံတကာက ခရီးသွားများကိုလည်း ဆွဲဆောင်နိုင်သည့် အချက်တစ်ချက် လည်း ဖြစ်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ ပွဲတော်ကြီး မျိုးကို နောင်နှစ်နောင်နှစ်များတွင် ရန်ကုန်မြို့တွင်သာမက တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတို့တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း။

တိုင်းရင်းသားများကို အခြေခံပြီး ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ တိုင်းရင်း သား လုပ်ငန်းရှင်များအသင်းအနေဖြင့် လည်း မည်သို့အခက်အခဲများပင်ရှိရှိ စည်းလုံးညီညာစွာလက်တွဲ၍ တိုင်းပြည် ၏ အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင် ရွက်ပေးကြပါဟု အလေးအနက်ထား တိုက်တွန်းပြောကြားလိုကြောင်း။

စီးပွားရေးဈေးကွက်အနေဖြင့် ခရီး သွားလုပ်ငန်းများ၊ ဒေသထွက်ကုန်ပစ္စည်း များနှင့် တိုင်းရင်းသားများ၏ စီးပွားရေး လုပ်ငန်းများကို ပြည်တွင်းတွင်သာမက ပြည်ပ၌ပါ ထိုးဖောက်၍ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရန် အတွက်လည်း အကြံပြုလိုကြောင်း၊ သို့မှသာ ယင်း အသင်းသည် တိုင်းပြည်၏ အကျိုးစီးပွား ကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး နိုင်ငံတကာနှင့်လည်း ရင်ပေါင်တန်းနိုင် မည်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်းတစ်သင်းဖြစ် ခြင်းကြောင့် တိုင်းပြည်၏ အကျိုးစီးပွား ကိုလည်း များစွာအထောက်အကူပြုနိုင် မည်ဟု ယုံကြည်မိကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ကလည်း တိုင်းရင်းသားများ၏ စီးပွားရေး ကိုသာမက နိုင်ငံတော်၏ အကျိုးစီးပွားနှင့် အေးချမ်းသာယာမှုကိုပါ ပိုမိုတိုးတက် အောင် အကောင်အထည်ဖော်ဆောင်၍ ကမ္ဘာတွင် အောင်မြင်သည့် အသင်း တစ်သင်းအဖြစ် ရပ်တည်သွားနိုင်အောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးသွား ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိုင်းရင်း သားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးယောဆက်က ပွဲတော်ကျင်းပရခြင်း နှင့်စပ်လျဉ်း၍ ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ယင်းနောက် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်မုခ်ဦးကို တိုင်းရင်း သား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဟိုတယ်နှင့် ခရီး သွားလာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမောင်၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း နာယကများဖြစ်ကြသော ငြိမ်းချမ်းရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း နှင့် ဒေါက်တာအောင်ထွန်းသက်၊ ရန်ကုန် တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုး၊ မြန်မာနိုင်ငံ တိုင်းရင်း သားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးယောဆက်၊ ဒုတိယဥက္ကဋ္ဌ လဖိုင် ခွန်ဆာ၊ အထွေထွေအတွင်းရေးမှူး ဦးမင်းဗညားစန်း၊ Inner Mongolia Kincaid Industrial Group မှ Mr. Ai Min နှင့် Mr. Zhang Rui တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန် ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည် တော်များသည် ကျိုက္ကဆံကွင်းအတွင်းရှိ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း များ၊ စီးပွားရေးဆိုင်ရာပြခန်းများ၊ ကချင် ရိုးရာ မနောအကတို့ကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

**ဆိုင်ခန်းပေါင်း ၈၀၀ ကျော် ဖွင့်လှစ်**

အဆိုပါ "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကို ယနေ့မှ ဇန်နဝါရီ ၃၀ ရက်အထိ ခြောက်ရက်တိုင်တိုင် နံနက် ၁၁ နာရီမှ ည ၁၀ နာရီအထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံကျော် တေးသံရှင်များ၏ ဖျော်ဖြေ တင်ဆက်မှုများ၊ တိုင်းရင်းသားလူမျိုးစု တစ်စုချင်းစီ၏ အကအလှများ၊ တိုင်းရင်း သား အလှမယ်ရွေးချယ်ပွဲ (Miss Ethnic Myanmar 2019)၊ တိုင်းရင်း သားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့နေထိုင်မှုပုံစံများနှင့် အသုံး အဆောင်ပစ္စည်းများကို တစ်စုတစ်စည်း တည်း ဖော်ပြထားသည့် ပြခန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် မိမိတို့ ကုန်ပစ္စည်းများကို တစုတဝေးတည်း တစ်နေရာတည်းတွင် လူအများကို ပြသရောင်းချနိုင်သည့် Exhibition Booth များ၊ လူမျိုးဘာသာမရွေး စားသောက်နိုင်သည့် Ethnics Night Market ဈေးတန်းများ၊ ဖျော်ဖြေ တင်ဆက်မှုများ၊ စိတ်လှုပ်ရှားဖွယ် ပျော်ရွှင်စရာအစီအစဉ်များ၊ ဈေးဆိုင် များ၊ အမှတ်တရဓာတ်ပုံရိုက်ကူးရန်နှင့် မီးအလှများ စသည့်အစီအစဉ်များ ပါဝင်ပြီး ဆိုင်ခန်းပေါင်း ၈၀၀ ကျော် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရ သည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**


**ကချင် မနောတိုင်းရင်းသားရိုးရာအကအဖွဲ့ကို တွေ့ရစဉ်။** ဓာတ်ပုံ-သန့်ထိုက်



**ကရင်တိုင်းရင်းသား ယဉ်ကျေးမှုပြခန်း၌ လာရောက်လေ့လာကြသူများကို တွေ့ရစဉ်။** ဓာတ်ပုံ-သန့်ထိုက်

# ပြည်တွင်း ပြည်ပသတင်းမီဒီယာအဖွဲ့ ဘူးသီးတောင်မြို့သို့ သွားရောက်သတင်းရယူ

မောင်တော ဇန်နဝါရီ ၂၅

**ရခိုင်ပြည်နယ် မောင်တောမြို့တွင် သတင်းရယူရန် ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပသတင်းဌာနများဖြစ်သည့် Tokyo Shinbum, The Mainichi Newspaper, Sankei Shimbum, Nippon TV, TBS , AFP, Wall Street Journal, MI Radio, MITV, MRTV နှင့် MNA တို့မှ သတင်းမီဒီယာသမားများသည် ယနေ့တွင် ဘူးသီးတောင်မြို့နယ်ရှိ ဒုံးသိမ် တိုက်ပွဲရှောင် ယာယီခိုလှုံရေးစခန်းနှင့် ဒပြုချောင်းကျေးရွာတို့သို့ မြေပြင်ကွင်းဆင်းသတင်းရယူကြသည်။**

**တိုင်းရင်းသားများအားတွေ့ဆုံ**

ပြည်တွင်း ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့ နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ် ဒုံးသိမ်တိုက်ပွဲရှောင် ယာယီခိုလှုံရေး စခန်းသို့ရောက်ရှိပြီး တိုက်ပွဲရှောင်ဒေသခံ တိုင်းရင်းသားများအား တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

ဒုံးသိမ်တိုက်ပွဲရှောင် ယာယီခိုလှုံရေး စခန်းတွင် အလယ်ချောင်းကျေးရွာမှ ဒေသခံ တိုင်းရင်းသားမိသားစု ၄၃ စု၊ လူဦးရေ၂၆၃ ဦးရှိပြီး ဇန်နဝါရီ ၁၃ ရက်တွင် ဘူးသီးတောင်မြို့နယ် အလယ်ချောင်းကျေးရွာအနီး၌ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် နေအိမ်များစွန့်ခွာ ထွက်ပြေးလာသူများဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ သတင်းမီဒီယာသမားများသည် ဒပြုချောင်းကျေးရွာသို့ရောက်ရှိပြီး အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံမေးမြန်းသတင်းရယူကြသည်။

**ပြန်လည်ထွက်ခွာ**

ယင်းနောက် သတင်းမီဒီယာသမားများသည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ညနေပိုင်းတွင် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။

သတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ်မောင်တောဒေသသို့ သွားရောက်သတင်းရယူမှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ရှစ်ကြိမ်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန် အထိ ခြောက်ကြိမ်နှင့် ၂၀၁၈ ခုနှစ် မတ်လမှစတင်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက် အကောင်အထည်ဖော်ရေး ကော်မတီ၏ အစီအစဉ်ဖြင့် တစ်လလျှင် နှစ်ခေါက်နှုန်းဖြင့် ၁၅ ကြိမ် သတင်းရယူခဲ့ရာ ယခုအကြိမ်နှင့်ဆိုလျှင် စုစုပေါင်း အကြိမ် ၃၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း- မျိုးမြင့် (သတင်းစဉ်)**
**ဓာတ်ပုံ -သက်လွင်စိုး (ပြန်/ဆက်)**



ပြည်တွင်း ပြည်ပသတင်းမီဒီယာသမားများ ဘူးသီးတောင်မြို့ ဒပြုချောင်းကျေးရွာ၌ သတင်းရယူစဉ်။ သတင်းစဉ်

# နိုင်ငံခြားဘဏ်ရွေးချယ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် ငွေရေးကြေးရေးကဏ္ဍ ပိုမိုအားကောင်းခိုင်မာလာစေရန်အတွက် နိုင်ငံခြားဘဏ်များ တိုးချဲ့ခွင့်ပြုပေးမည်ဖြစ်ရာ ရွေးချယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် နိုင်ငံခြားဘဏ်ရွေးချယ်ရေးအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဇမ္ဗူသီရိခန်းမ၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် ပိုမိုအားထုတ်ရဖွယ်ရှိသော်လည်း အသင်းကြီးများနှင့် တွေ့ဆုံသည့်ပွဲများတွင်မူ အားကုန်ထုတ်ကစားလျက်ရှိသည်။

ထို့ပြင် နှစ်ပွဲဆက် သရေကျထားသည့် ရှမ်းယူနိုက်တက်အသင်းသည် တန်းတက်ဒဂုံအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမဆုံးနိုင်ပွဲအတွက် ဆက်လက်ရုန်းကန်ရမည် ဖြစ်သည်။

ပွဲစဉ်(၂)အပြီးတွင် ရန်ကုန်အသင်းက ခြောက်မှတ်၊ ရခိုင်နှင့် ရောဝတီအသင်းက လေးမှတ်စီ၊ Southern ၊ ဇွဲကပင်၊ ဟံသာဝတီနှင့် ဒဂုံအသင်းက သုံးမှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းက နှစ်မှတ်စီ၊ စစ်ကိုင်းနှင့် မကွေးအသင်းက တစ်မှတ်စီရထားပြီး Chinland အသင်းမှာမူ နှစ်ပွဲစလုံးအရေးနိမ့်ထားသည်။

**ညီမြတ်သော်တာ**

## ဟိုပုံး၊ မိုင်းဆတ်နှင့် ငဖဲမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဟိုပုံးမြို့နယ် တုတ်စောက်ကျေးရွာတောင်ဘက်ရှိ ဘိန်းစိုက်ခင်း ၂၇ ဧကကို ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဟန်ဦးစီးပူးပေါင်းအဖွဲ့က ယမန်နေ့ နံနက်ပိုင်းက ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ မိုင်းဆတ်မြို့နယ် ရှူခင်းသာကျေးရွာရှိ ဘိန်းစိုက်ခင်း ၃ ဒသမ ၁ ဧကခန့်၊ ငဖဲမြို့နယ် မကန်းကျေးရွာရှိ ဘိန်းစိုက်ခင်း လေးဧကခန့်တို့ကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၅**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင်တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန် ဒေါ်လာ ၄၂၈ ဒသမ ၄၀၈ သန်း၊ ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၃၃ ဒသမ ၇၂၈ သန်းခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | နိုဝင်ဘာလ | | ဒီဇင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ US$ (သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍ | ၁ | ၁၇၁.၇၉၀ | ၁ | ၂၄၃.၄၃၃ * |
| (ခ) | စက်မှုကဏ္ဍ | ၁၆ | ၈၆.၄၉၇ * | ၂၈ | ၈၉.၄၉၅ * |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁ | ၄.၃၇၀ * | - | - |
| (ဃ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၂ | ၁၆.၃၇၉ * | - | - |
| (င) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄ | ၁၃၈.၉၅၁ | - | ၀.၈၀၀ * |
| (စ) | လယ်ယာကဏ္ဍ | ၂ | ၁၀.၄၂၁ | - | - |
| စုစုပေါင်း | | ၂၆ | ၄၂၈.၄၀၈ | ၂၉ | ၃၃၃.၇၂၈ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၂၂၄၄၃၂ ဒသမ ၄၄၀ သန်းနှင့် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၂၅၉၉၁၉ ဒသမ ၃၃၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | နိုဝင်ဘာလ | | ဒီဇင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၂၁၀၇.၅၃၁ | - | - |
| (ခ) | စက်မှုကဏ္ဍ | ၆ | ၁၇၁၈၃၁.၀၆၈ | ၇ | ၁၁၂၂၅.၀၉၀ * |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၂ | ၈၀၀.၀၀၀ | ၃ | ၅၃၅၀.၀၀၀ |
| (ဃ) | သတ္တုတူးဖော်ရေးကဏ္ဍ | ၃ | ၁၆၀၉၆.၃၉၅ | - | - |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | - | ၃ | ၂၀၀၂၀၀.၀၀၀ |
| (စ) | လျှပ်စစ်ဓာတ်အား | ၁ | ၅၉၀၀.၀၀၀ | ၁ | ၁၀၇၅၂.၀၀၀ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၅ | ၂၇၆၉၇.၄၄၆ | - | ၃၁၃၉၂.၂၄၀ * |
| စုစုပေါင်း | | ၁၈ | ၂၂၄၄၃၂.၄၄၀ | ၁၄ | ၂၅၉၉၁၉.၃၃၀ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက်ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | နိုဝင်ဘာအတွင်း | ဒီဇင်ဘာအတွင်း |
| (က) | လယ်ယာကဏ္ဍ | ၆၄၄ | - |
| (ခ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁၃၉ | - |
| (ဂ) | စက်မှုကဏ္ဍ | ၁၀၀၇၂ | ၂၇၆၄၀ * |
| (ဃ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍ | ၂၂၅ | ၅၀၂ * |
| (င) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁၂ | - |
| (စ) | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ | - | - |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁၈၆ | - |
| စုစုပေါင်း | | ၁၁၂၇၈ | ၂၈၁၄၂ |

* လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်းအပါအဝင်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | နိုဝင်ဘာအတွင်း | ဒီဇင်ဘာအတွင်း |
| (က) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၄၆ | ၅၅ |
| (ခ) | သတ္တုတူးဖော်ရေးကဏ္ဍ | ၅၄၅ | - |
| (ဂ) | စက်မှုကဏ္ဍ | ၁၁၆၀ | ၇၄၂ |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၃၁ | ၁၉၇ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၂၄၄၅ |
| (စ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁၀ | - |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃၈၂ | - |
| စုစုပေါင်း | | ၂၁၇၄ | ၃၄၃၉ |

**သတင်းစဉ်**

# မလေးရှားနိုင်ငံသို့ တရားမဝင်ထွက်ခွာရန် စုစည်းစောင့်ဆိုင်းနေသူများအား ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၅

**စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသူများ လှေစီး၍ အခြားနိုင်ငံများသို့ တရားမဝင်ထွက်ခွာမှုမရှိစေရေးအတွက် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးအင်အား တိုးမြှင့်ချထားခြင်း၊ သတင်းအဆက်မပြတ်စုံစမ်းဖော်ထုတ်ခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ည ၈ နာရီခန့်က မလေးရှားနိုင်ငံသို့ တရားမဝင်ထွက်ခွာရန် စုစည်းစောင့်ဆိုင်းနေသူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ စစ်တွေမြို့နယ် ဘာဆာရာကျေးရွာရှိ နူရ်ဆလမ်၏ နေအိမ်၌ မလေးရှားနိုင်ငံသို့ တရားမဝင်ထွက်ခွာရန် ရည်ရွယ်ချက်ဖြင့် စုစည်းရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်စိစစ်ရာ နူရ်ဆလမ်မှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ၎င်း၏ဇနီး မလိုင်လာဘေဂေါင်(၂၉ နှစ်)အား မလေးရှားနိုင်ငံသို့ သွားရောက်ရန် စောင့်ဆိုင်းနေသူ အုန်းတောကြီးကျေးရွာမှ အစ္စလာမ်ဘာသာဝင် အမျိုးသမီးနှစ်ဦးဖြစ်သည့် လိုင်လာနှင့် ဂျိုမိုက်ဒါတို့ နှင့်အတူ တွေ့ရှိခဲ့ရကြောင်း။

၎င်းတို့အား စစ်ဆေးမေးမြန်းချက်အရ ည ၁၀ နာရီကျော်ခန့်တွင် ဘာဆာရာကျေးရွာအပြင်ဘက် ပင်လယ်ကမ်းခြေသို့ သွားသည့်လမ်းရှိ ကြက်ခြံအတွင်း ခြံပိုင်ရှင် အဒူဟာလိစ်ဦးစီး၍ စက်လှေဖြင့်သွားရောက်ရန် စုစည်းစောင့်ဆိုင်းနေသည့် ဘာဆာရာကျေးရွာ၊ ဘုမေကျေးရွာ၊ အုန်းတောကြီးကျေးရွာ၊ မကျည်းမြိုင်ကျေးရွာ၊ ဆေးသမားကြီး IDP Camp နှင့် ဒါးပိုင် IDP Camp တို့မှ အစ္စလာမ်ဘာသာဝင် အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၁၆ ဦးတို့ကို ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် တိမ်းရှောင်နေသည့် လူစုဆောင်းသူ ပွဲစား နူရ်ဆလမ်၊ ဖမ်းဆီးရမိသည့် မလိုင်လာဘေဂေါင်နှင့် အဒူဟာလိစ်တို့ကို စစ်တွေမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ ထို့ပြင် မလေးရှားနိုင်ငံသို့ သွားရောက်ရန် ဖမ်းဆီးရမိသည့် စုစည်းထားရှိသူ ၁၈ ဦးတို့ကိုလည်း ဥပဒေနှင့်အညီ စိစစ်လျက်ရှိပြီး ကနဦးစိစစ်ချက်အရ မလေးရှားနိုင်ငံသို့ သွားရောက်မည့်သူများသည် ပွဲစား နူရ်ဆလမ်အား ငွေကျပ် ၁၅ သိန်းစီပေးချေရကာ သွားရောက်ရန် စောင့်ဆိုင်းနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



အဒူဟာလိစ်



မလိုင်လာဘေဂေါင်



မလေးရှားနိုင်ငံသို့ တရားမဝင်ထွက်ခွာရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၆-၁-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၃၅ - ပြည်သူ့အတွက် ဥပဒေ စကားဝိုင်း "နိုင်ငံတော်သီချင်းနှင့် ဥပဒေ"
၁၀:၃၀ - လုံမမှတ်စု(၇၂)
၁၁:၁၅ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "ကော်ဖီ"
၁၁:၃၀ - ချစ်စရာ့အရွယ် ကစားကြမယ်
၁၂:၃၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၁၂)
"ယမင်းကုဋေ" (ဇာတ်သိမ်းပိုင်း) ထိုက်တန်လင်း၊ ဟိန်းရတု၊ မိုးပြည့်ပြည့်မောင်၊ သဲနော်ဇာ ဒါရိုက်တာ-ဟိန်းဇော်

**ညပိုင်း**

၁၅:၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Sagaing United FC Vs Southern Myanmar FC)
၁၇:၃၀ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၈:၂၅ - Tasty Trip
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၆၀)
၂၀:၃၅ - "အိမ်မက်လမ်းသို့ ခရီးရှည်" (ပူတာအို-မင်္ဂဇ-ခေါင်လန်ဖူး လမ်းပိုင်း)
နယ်စပ်ရေးရာဝန်ကြီးဌာန
- "ရာဇဝင်ထဲက သမိုင်းအနုပညာ" (ရှေးမြန်မာအုတ်ကျောင်းတော်ကြီးများ) (မြင်းဝန်မင်းထိုက်)
- ပြည်သူ့နီတိ "အရွယ်သုံးပါး" (တတိယပိုင်း)



## ပုဗ္ဗသီရိမြို့နယ်၌ အသိပညာပေးဟောပြော

**နေပြည်တော် ဇန်နဝါရီ ၂၅**

နေပြည်တော် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် နေပြည်တော်ရှစ်မြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးများက ကြီးကြပ်၍ မှုခင်းမဖြစ်ပွားစေရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အန္တရာယ်ဆိုးကျိုးများကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်အောင်က ရတနာဒီပ ရပ်ကွက် ဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူများအား လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုတင်ကာကွယ်ရေးတို့အတွက် သိကောင်းစရာများ၊ မှုခင်းကျဆင်းရေးအတွက် ပြည်သူလူထုကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ်ဆောင်ရွက်မှုများ ဟောပြောရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ဒေသခံ ၇၀ တက်ရောက်သည်။ **(အပေါ်ပုံ)**

ဇန်နဝါရီလဒုတိယပတ်ကလည်း ကျည်တောင်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်မင်းထူးက ရွာတော်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာသူ ကျေးရွာသားများအား လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအကြောင်း၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ရှင်းလင်းအသိပညာပေးဟောပြောရာ ဒေသခံ ၁၀၀ ခန့် တက်ရောက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ရွှေဘိုမြို့၌ ဘဏ်လက်ထောက်မန်နေဂျာ၏ လျှို့ဝှက်နံပါတ်ကို အသုံးပြု၍ ငွေလိမ်လည်ထုတ်ယူသူများကို ဖမ်းဆီးရမိ

**ရွှေဘို ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဘဏ်လက်ထောက်မန်နေဂျာ၏ လျှို့ဝှက်နံပါတ်ကိုအသုံးပြု၍ ငွေလိမ်လည်ထုတ်ယူသူများကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဖမ်းဆီးရမိကြောင်း မြို့မရဲစခန်းမှ သိရသည်။

ရွှေဘိုမြို့ အမှတ်(၆) ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ၂၀၁၈ ခုနှစ် ဇူလိုင် ၃၁ ရက်က ရွှေဘိုဘဏ်ခွဲမှ ရဲခန့်မောင်အမည်ဖြင့် ဝက်လက်ဘဏ်ခွဲသို့ ကောင်းမြတ်ဇော်ထံ ငွေကျပ် ၁၅၀၀၀ လွှဲပို့ခဲ့ရာ ဝက်လက်ဘဏ်ခွဲမှ ကောင်းမြတ်ဇော်သည် ငွေကျပ် ၁၅ သိန်းအားလည်းကောင်း၊ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၇ ရက်တွင်လည်း မင်းမင်းဦးအမည်ဖြင့် ဝက်လက်ဘဏ်ခွဲသို့ ကောင်းမြတ်ဇော်ထံ ငွေကျပ် ၂၀၀၀၀ လွှဲပို့ခဲ့ရာ ဝက်လက်ဘဏ်ခွဲမှ ကောင်းမြတ်ဇော်သည် ငွေကျပ် သိန်း ၂၀ အားလည်းကောင်း၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဇော်လတ်အမည်ဖြင့် ဝက်လက်ဘဏ်ခွဲသို့ ကောင်းမြတ်ဇော်ထံ ငွေကျပ် ၂၀၀၀၀ လွှဲပို့ခဲ့ရာ ဝက်လက်ဘဏ်ခွဲမှ ကောင်းမြတ်ဇော်သည် ငွေကျပ် သိန်း ၂၀ အားလည်းကောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် မင်းမင်းလတ်အမည်ဖြင့် ဝက်လက်ဘဏ်ခွဲသို့ ကောင်းမြတ်ဇော်ထံ ငွေကျပ် ၃၀၀၀၀ လွှဲပို့ခဲ့ရာ ဝက်လက်ဘဏ်ခွဲမှ ကောင်းမြတ်ဇော်သည် ငွေကျပ် သိန်း ၃၀ အားလည်းကောင်း ထုတ်ယူသွားခဲ့သဖြင့် ငွေကျပ် ၈၅၀၀၀ ထုတ်ယူရမည့်အစား ငွေကျပ် ၈၅ သိန်း ထုတ်ယူသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စုစုပေါင်း ငွေကျပ် ၈၄၁၅၀၀၀ အား လက်ထောက်မန်နေဂျာ၏ လျှို့ဝှက်နံပါတ်ကို အသုံးပြု၍ ငွေလိမ်လည်ထုတ်ယူသွားသော ရွှေဘိုဘဏ်ခွဲမှ အငယ်တန်းစာရေး မင်းထက်မောင် (၂၇နှစ်)နှင့် အမှတ် ၆ ရပ်ကွက်တွင် နေထိုင်သူ ကောင်းမြတ်ဇော်(၂၄နှစ်)တို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း မြို့မရဲစခန်းမှ သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

## မင်းလှမြို့နယ်၌ အထောက်အထားမဲ့ဝင်ရောက်လာသူ လေးဦးဖမ်းဆီးရမိ

**မကွေး ဇန်နဝါရီ ၂၅**

မင်းလှမြို့နယ် လှေ့စဉ်အုပ်စု ကျောက်ထပ်ကျေးရွာ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာရှိ တောတွင်းမှ အထောက်အထားမဲ့ ဝင်ရောက်လာသူ လေးဦးအား ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် လှေ့စဉ်ကျေးရွာအုပ်စု ကျောက်ထပ်ကျေးရွာ အုပ်ချုပ်ရေးမှူးက မသင်္ကာဖွယ်ရာ သူစိမ်းများ ရွာအနီးတွင် တွေ့ရှိခဲ့ကြောင်း သတင်းပေးပို့၍ ရေနံ့မနယ်မြေစခန်းမှူး ရဲအုပ် မျိုးမင်းထွန်းသည် တပ်ဖွဲ့ဝင်များနှင့်အတူ ကျောက်ထပ်ကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ တောထဲသို့ သွားရောက် စိစစ်ရှာဖွေခဲ့ရာ အထောက်အထားမဲ့ ဝင်ရောက်လာသူ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူ လေးဦးအား မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ခေါ်ဆောင်ခဲ့ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပူးပေါင်းစစ်ဆေးကာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့တွင် ၂၀၁၈ ခုနှစ် မတ်လမှစတင်၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်အထိ ဖမ်းဆီးရမိခဲ့သည့် အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၅၁ ဦး ရှိခဲ့ပြီဖြစ်ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## အင်းလေးကန်အတွင်း စက်လှေနှစ်စင်းတိုက်မိ လေးနှစ်အရွယ် ကလေးတစ်ဦး ရေနစ်သေဆုံး

**ညောင်ရွှေ ဇန်နဝါရီ ၂၅**

ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်းရှိ အင်းဦးကျေးရွာ အနောက်ဘက်ရေပြင်တွင် စက်လှေနှစ်စင်း တိုက်မိ၍ လေးနှစ်အရွယ် မိန်းကလေးတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၄ ရက် ညနေ ၅ နာရီခွဲခန့်တွင် မင်းချောင်းကျေးရွာအုပ်စု နွားမကျေးရွာနေ ဝတုတ်(ခ)အောင်သက်ဖြိုး (၁၉ နှစ်)မောင်းနှင်လာပြီး ဝေဖြိုးထွန်း (၃၁ နှစ်)နှင့် မညွန့်ရွှေ(၃၆နှစ်) ဇနီးမောင်နှံတို့နှင့်အတူ သမီးများဖြစ်ကြသည့် မဇွန်ဖူးဝေ(လေးနှစ်)နှင့် အမည်မပေးရသေးသည့် နှစ်လသားအရွယ် သမီးတို့ လိုက်ပါလာသည့် စက်လှေသည် မြောက်မှ တောင်ဘက်သို့ ဦးတည်မောင်းနှင်လာစဉ် အင်းဦးကျေးရွာ အနောက်ဘက်ရှိ ကိုက် ၁၀၀ ခန့်အကွာ ဘုရားကွဲလမ်းကြောင်းပေါ်သို့ ရောက်ရှိချိန်တွင် အရှေ့ဘက်မှ အနောက်ဘက်သို့ အင်းဦးကျေးရွာနေ ဇော်ဦး (၂၆ နှစ်) မောင်းနှင်လာသည့် စက်လှေနှင့် ကန့်လန့်ဖြတ်တိုက်မိပြီး စက်လှေတိမ်းစောင်းကာ မဇွန်ဖူးဝေမှာ ရေထဲသို့ ပြုတ်ကျပျောက်ဆုံးသွားသဖြင့် အနီးရှိ ရွာသားများက ဝိုင်းဝန်းရှာဖွေရာ ညနေ ၆ နာရီခွဲခန့်တွင် မဇွန်ဖူးဝေ၏ အလောင်းကို အခင်းဖြစ်ပွားရာ နေရာအနီးရှိ ရေအနက် ခြောက်ပေခန့်တွင် တွေ့ရှိဆယ်ယူနိုင်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ စက်လှေမောင်းနှင်သည့် ဝတုတ်(ခ)အောင်သက်ဖြိုး (၁၉ နှစ်)နှင့် ဇော်ဦး(၂၆ နှစ်)တို့ကို ညောင်ရွှေမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ(ညောင်ရွှေ)**

## ဖားကန့်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီခွဲက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေ့ခါကျေးရွာ အမှတ်(၂)ရပ်ကွက် ဈေးလမ်းနေ မောင်မောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၇၅၅ ပြားတို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ ဇော့သုတ်ကျေးရွာနေ ထိုင်းနိုင်ငံသား နိုင်စိမ်းနွယ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်မီးဖိုခန်း သစ်သားစင်ပေါ်ရှိ ဝါးနီးဘူးငယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀ နှင့် အိုက်စ် ၅၅ ဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ရေမိုင်နှစ်ဖက်ညှိနှိုင်းလှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

မောင်တောမြို့ နယ်မြေ(၆) အမှတ်(၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ပြင်ဖြူနယ်မြေရုံးမှ ယာယီရဲမှူး မြင့်ဌေးဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် Teknaf ကင်းစခန်းမှ Subedar Md. Ibrahim Hossain ဦးဆောင်သည့် အဖွဲ့များသည် ယမန်နေ့ နံနက်ပိုင်းက ရေယာဉ်များဖြင့် ကညင်ချောင်း ချောင်းဝထိပ် နတ်မြစ်မြစ်လယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၅)မှ မင်္ဂလာကြီးချောင်းဝအနီး ရေမိုင်အမှတ်(၈)အထိ နတ်မြစ်ကြောင်းအတိုင်း ရေမိုင်နှစ်ဖက်ညှိနှိုင်း ကင်းလှည့်ခဲ့ပြီး နှစ်ဖက်ညှိနှိုင်း ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# အမေရိကန်ရေတပ်သင်္ဘောတစ်စင်း ထိုင်ဝမ်ရေလက်ကြားသို့ ခုတ်မောင်း

**ဝါရှင်တန် ဇန်နဝါရီ ၂၅**

အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ ပဋိပက္ခများနှင့် တောင်တရုတ်ပင်လယ်အရေးအခင်းနှင့် ပတ်သက်၍ တင်းမာမှုများ ပေါက်ဖွားနေချိန်တွင် အမေရိကန်ရေတပ်သင်္ဘောတစ်စင်း ထိုင်ဝမ်ရေလက်ကြားကို ဖြတ်ကျော်ခုတ်မောင်းခဲ့ကြောင်း သိရသည်။

ထိုင်ဝမ်ရေလက်ကြားကို အမေရိကန်ရေတပ်သင်္ဘောခုတ်မောင်းမှုသည် တရုတ်နိုင်ငံကို ဆက်လက်စောင့်ကြည့်လိုသော အပြုအမူတစ်ခုဖြစ်ဖွယ်ရှိသည်။

အမေရိကန် ပစိဖိတ်ရေတပ်သင်္ဘောစုက USS McCampbell ဖျက်သင်္ဘောနှင့် USNS Walter S. Diehi သင်္ဘောတို့သည် ကြာသပတေးနေ့တွင် ထိုင်ဝမ်ရေလက်ကြားတွင် လေ့ကျင့်ရေးလမ်းကြောင်းတစ်ခု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လွတ်လပ်ပွင့်လင်းသည့် အင်ဒိုပစိဖိတ်ဒေသဖြစ်စေမည်ဟု အမေရိကန်က ပေးအပ်ခဲ့သည့်ကတိကို ထုတ်ဖော်ပြသသည့် ရေကြောင်းသွားလာမှုတစ်ခုဖြစ်သည်ဟု အမေရိကန်ရေတပ်သင်္ဘောစု၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်ရေတပ်ဖွဲ့သည် ပြီးခဲ့သည့်နိုဝင်ဘာလကလည်း အဆိုပါရေလက်ကြားကို ဖြတ်ကျော်ခုတ်မောင်းခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့သည် အဆိုပါဒေသဆီသို့ ရေတပ်သင်္ဘောများစေလွှတ်မှုကို တိုးချဲ့ခဲ့သည်။ ထိုင်ဝမ်ကာကွယ်ရေးအာဏာပိုင်များက H6 ဗုံးကြဲလေယာဉ်များအပါအဝင် တရုတ်တိုက်လေယာဉ်အများအပြားသည် ပြီးခဲ့သည့်အင်္ဂါနေ့နှင့် ကြာသပတေးနေ့တို့တွင် တရုတ်(တိုင်ပေ)အနီး၌ လေ့ကျင့်ပျံသန်းမှုများ လုပ်ဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်ရေတပ် ဖျက်သင်္ဘော USS McCampbell ကို တွေ့ရစဉ်။



အင်ဒိုနီးရှားကယ်ဆယ်ရေးသမားများ ဒေသခံများကို ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးစဉ်။

# အင်ဒိုနီးရှားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံး ၅၉ ဦးသေဆုံး

**မာကာဆာ (အင်ဒိုနီးရှား) ဇန်နဝါရီ ၂၅**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် ထောင်ပေါင်းများစွာသော ဒေသခံများ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရပြီး ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ အနည်းဆုံး ၅၉ ဦးသေဆုံးခဲ့ကြောင်း အစိုးရက ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

"အခုလို ဆိုးရွားလှတဲ့ဖြစ်ရပ်တွေကို တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ ဒါဟာ အလွန်ဆိုးရွားလှတဲ့ဖြစ်ရပ်ပဲ" ဟု ဆူလာဝေစီတောင်ပိုင်း ဘေးဒုက္ခလျော့ပါးသက်သာရေးအေဂျင်စီ အကြီးအကဲ ဆိုင်ယမ်စီဘာက ပြောခဲ့သည်။ ထို့အပြင် အခုချိန်အထိ လူ ၂၅ ဦးပျောက်ဆုံးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေလျှံပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ ဆူလာဝေစီတောင်ပိုင်းဒေသ ၁၁ ခုတွင် ရေလွှမ်းမိုးမှုများ ခံစားခဲ့ရကြောင်း သိရသည်။ ထို့အတူ ဆူလာဝေစီတောင်ပိုင်းပြည်နယ်မြို့တော် မာကာဆာသည်လည်း ရေလွှမ်းမိုးမှုကို ခံစားခဲ့ရကြောင်း သိရသည်။

ရေလွှမ်းမိုးမှုခံစားခဲ့ရသော ဒေသများအနက် ဂိုဝါဒေသသည် အဆိုးရွားဆုံးဖြစ်ကာ သေဆုံးသူ ၄၄ ဦးရှိကြောင်း ဆူလာဝေစီတောင်ပိုင်း ဘေးဒုက္ခလျော့ပါးသက်သာရေးအေဂျင်စီ အကြီးအကဲ ဆိုင်ယမ်စီဘာက ပြောခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၃၄၀၀ သည် ၎င်းတို့၏ နေအိမ်များမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြပြီး စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် ရွက်ဖျင်တဲများတွင် ခိုလှုံနေကြရကြောင်း သိရသည်။

ခါးအထိခန့်ရောက်နေသည့် ရေများ လမ်းများပေါ်တွင် ဖွေးဖွေးလှုပ်ဖြစ်နေသည့်ကြားမှ ကယ်ဆယ်ရေးသမားများနှင့် ဒေသခံများသည် ဥဒဟိုသွားလာနေကြပြီး တချို့မှာ ၎င်းတို့ ပိုင်ဆိုင်သည့်ပစ္စည်းများကို ခေါင်းတွင်ရွက်ကာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေကြသည်။

ယခုအခါတွင် ရေဆက်မတက်သော်လည်း ရေဘေးကြောင့်ဖြစ်ပေါ်ခဲ့သော အိုးအိမ်ပျက်စီးမှုများ၊ အစိုးရအဆောက်အအုံပျက်စီးမှုများ၊ ကျောင်းများနှင့် တံတားပျက်စီးမှုများအပါအဝင် ပျက်စီးဆုံးရှုံးမှုများမှာ များပြားနိုင်ကြောင်း အာဏာပိုင်များက ခန့်မှန်းထားကြသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများသည် မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရပြီး အထူးသဖြင့် မုတ်သုံရာသီဖြစ်သော အောက်တိုဘာလမှ ဧပြီလကြားကာလများတွင် အဖြစ်များဆုံးဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်အစိုးရယန္တရားရပ်ဆိုင်းမှု ပြန်လည်မလည်ပတ်နိုင်သေး

**ဝါရှင်တန် ဇန်နဝါရီ ၂၅**

အမေရိကန်အစိုးရယန္တရားတချို့ရပ်ဆိုင်းမှုသည် ၃၄ ရက်ကျော်လာပြီဖြစ်သော်လည်း ယခုချိန်ထိ လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်မည့်အခြေအနေ မတွေ့ရသေးကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တောင်းဆိုထားသည့် အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်ကြား တံတိုင်းကာရံရေးအတွက် အစိုးရအသုံးစရိတ်ရရှိရေးနှင့် အစိုးရလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး အဆိုပြုချက် နှစ်ရပ်ကို ယမန်နေ့က လွှတ်တော်တွင် တစ်ပြိုင်နက် တင်သွင်းခဲ့သော်လည်း အတည်ပြုနိုင်မည့် လုံလောက်သော ထောက်ခံမဲများ မရရှိခဲ့ကြောင်း သိရသည်။

ကာလတို အသုံးစရိတ်ချမှတ်နိုင်မည့် အဆိုပြုချက်ကို အတည်ပြုနိုင်ရန် သမ္မတ ထရမ့်နှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း ရီပတ်ဘလက်ကန်ပါတီ လွှတ်တော်အမတ် လင်ဆေးဂရာဟန်က ပြောသည်။

သို့သော်လည်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆန်ဒါးစ်က သမ္မတ ထရမ့် တောင်းဆိုထားသည့် တံတိုင်းကာရံရေးအတွက် ရန်ပုံငွေရရှိခဲ့မည်ဆိုလျှင် အစိုးရယန္တရားပြန်လည်လည်ပတ်ရေး အချိန်သုံးပတ်စာသာရမည်ဟု ပြောခဲ့သည်။

ယမန်နေ့က လွှတ်တော်အတွင်း အမေရိကန်သမ္မတ ထရမ့် တောင်းဆိုထားသည့် တံတိုင်းကာရံရေးအသုံးစရိတ် ၅ ဒသမ ၇ ဘီလီယံချပေးရန် မဲခွဲဆုံးဖြတ်ရာတွင် ကန့်ကွက်မဲ ၅၀၊ ထောက်ခံမဲ ၄၇ မဲဖြင့် အရေးနိမ့်ခဲ့ကြောင်း သိရသည်။

အထက်လွှတ်တော်အမတ် မဲ ၁၀၀ ပေးမှုတွင် အနည်းဆုံးထောက်ခံမဲ ၆၀ ရမှ အတည်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**




အလုပ်ပြန်ဆင်းရေး ဆန္ဒပြနေသူတစ်ဦးကို တွေ့ရစဉ်။

# အီရန်နှင့် ဆက်နွယ်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ကုမ္ပဏီများကို အမေရိကန်ပိတ်ဆို့မှုပြုလုပ်

**ဝါရှင်တန် ဇန်နဝါရီ ၂၅**

အမေရိကန်သည် ဆီးရီးယား၌ အခြေစိုက်ထားသည့် အီရန်ကျောထောက်နောက်ခံပေးထားသော လက်နက်ကိုင်အဖွဲ့နှင့် အီရန်လေကြောင်းလိုင်း Mahan Air နှင့် ဆက်နွယ်နေသည့် လေကြောင်းကုမ္ပဏီများကို ဒဏ်ခတ်ပိတ်ဆို့မှု ပြုလုပ်လိုက်ကြောင်း အမေရိကန်ဘဏ္ဍာရေးဌာနက ကြေညာခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနက ဆီးရီးယား၌ အခြေစိုက်ထားသည့် လက်နက်ကိုင်တပ်ဖွဲ့နှစ်ဖွဲ့မှ တိုက်ခိုက်ရေးသမားများ အထူးသဖြင့် အီရန်၌ နေထိုင်လျက်ရှိသည့် အာဖဂန်နှင့် ပါကစ္စတန်တို့မှ ရွှေ့ပြောင်းသွားလာသူများနှင့် ဒုက္ခသည်များသည် အီရန်ရှိ အစွလာမ့်စ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က တပ်သားသစ်အဖြစ် စုဆောင်းခြင်းခံရသူများဖြစ်ကြောင်း စွပ်စွဲခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် Qeshm Fars Air နှင့် အာမေးနီးယားအခြေစိုက် Flight Travel LLC ကုမ္ပဏီကိုလည်း ပစ်မှတ်ထားကာ ပိတ်ဆို့မှု ပြုလုပ်ခဲ့သည်။ ယင်းကုမ္ပဏီနှစ်ခုသည် အီရန်လေကြောင်းလိုင်းကုမ္ပဏီ Mahan Air နှင့် နီးကပ်စွာ ပတ်သက်ဆက်နွယ်မှုရှိနေပြီး အီရန်ရှိ အစ္စလာမ့်စ်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ Quds တပ်ဖွဲ့ဝင်များနှင့် ဆီးရီးယားရှိ ၎င်း၏ အပေါင်းအပါများကို လူအင်အားနှင့် လက်နက်များ ပို့ဆောင်ပေးနေသည်ဟု အမေရိကန်က ယုံကြည်ထားသည်။

ဖော်ပြချက်အရ အမေရိကန်၌ ရှိနေသည့် ယင်းကုမ္ပဏီများကို ပိတ်ဆို့မှု ပြုလုပ်လိုက်ပြီး အမေရိကန်နိုင်ငံသားများကိုလည်း ယင်းကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်ခြင်းမပြုရန် တားမြစ်ပိတ်ပင်လိုက်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အိုင်အက်စ်တွေရဲ့ ကာလီဖိတ်လုပ်မယ်ဆိုတဲ့ ရည်မှန်းချက် မကြာမီကျဆုံးတော့မယ်

ထွန်းသစ်စ

**အိုင်အက်စ်လို့လူသိများတဲ့ အကြမ်းဖက် အစွန်းရောက် ဂျီဟတ်များဟာ သူတို့ သိမ်းပိုက်ထားတဲ့ ဆီးရီးယားနဲ့ အီရတ် နယ်မြေတစ်နံတစ်လျားမှာ အစွန်းရောက်စစ်ပွဲ "ကာလီဖိတ်" ဆင်နွှဲမယ်လို့ လွန်ခဲ့တဲ့ ၂၀၁၄ခုနှစ် ဇွန်လက ကြွေးကြော်ခဲ့ပေမယ့်လည်း တကယ်တော့သူတို့ဟာ အဲဒီအချိန်ကတည်း ကစပြီး နယ်မြေတစ်ခုပြီးတစ်ခု ဆုံးရှုံးခဲ့ပါတယ်။**



ဇန်နဝါရီ ၁၆ ရက်က မန်ဘစ်ချ်မှာ အမေရိကန်ကင်းလှည့်ယာဉ်တန်းကို အိုင်အက်စ်တွေက ပစ်မှတ်ထားကာ အသေခံတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးနောက် တွေ့ရသည့် မြင်ကွင်းတစ်ခု

**ကာလီဖိတ်**

၂၀၁၄ ခုနှစ် ဇွန်လ ၂၉မှာ အီရတ်နဲ့ မြေထဲပင်လယ် အရှေ့ဘက်ကမ်းခြေရှိ နိုင်ငံတွေကို အဘူဘာကာအယ်လ် ဘဂ္ဂဒါဒီ ဦးဆောင်တဲ့ အိုင်အက်စ်အကြမ်းဖက် အစွန်းရောက် ဂျီဟတ်များက ကာလီဖိတ်လုပ်မယ်လို့ ကြေညာခဲ့ပါတယ်။ အိုင်အက်စ်တို့ဟာ ဇန်နဝါရီလမှာ ဆီးရီးယားမြောက်ပိုင်း မြို့တော် ရက်ကွာကို သူပုန်တွေလက်ထဲက သိမ်းယူခဲ့ပါတယ်။ ထို့အတူပဲ အိုင်အက်စ်တို့ဟာ အီရတ်နိုင်ငံနဲ့ နယ်စပ်ချင်း ထိစပ်လျက်ရှိတဲ့ ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းပြည်နယ် ဒယ်ရာအယ်ဇာကိုလည်း ထိန်းသိမ်းခဲ့သလို မြောက်ပိုင်းပြည်နယ် အလက်ပိုကိုလည်း သိမ်းပိုက်ခဲ့ပါတယ်။

အီရတ်နိုင်ငံမှာလည်း အိုင်အက်စ်အစွန်းရောက်အဖွဲ့ဟာ မိုဆူးလ်နဲ့ ဆွန်နီအာရပ်နယ်ပယ်တွေကိုလည်း သိမ်းပိုက်ခဲ့ပါတယ်။ ဒီဆွန်နီအာရပ် နယ်ပယ်တွေဟာ ကာ့ဒ်ဒေသနဲ့ နယ်စပ်ချင်း ထိစပ်လျက်ရှိပါတယ်။ အဲဒီအချိန်တုန်းက အီရတ်တပ်ဖွဲ့ဝင်တွေဟာလည်း အိုင်အက်စ်တို့ကို ထိထိရောက်ရောက် မနှိမ်နင်းနိုင်ခဲ့ပါဘူး။ ဒါကြောင့် အိုင်အက်စ်အဖွဲ့ဟာ ရက်ကွာနဲ့ မိုဆူးလ်တို့ကို သူတို့ရဲ့ မြို့တွေအဖြစ် သိမ်းပိုက်စိုးစံခဲ့တယ်လို့ ပြောလို့ရပါတယ်။

ဇူလိုင်လမှာတော့ အိုင်အက်စ်ခေါင်းဆောင် အဘူဘာကာအယ်လ် ဘဂ္ဂဒါဒီက ဂျီဟတ်ဝက်ဘ်ဆိုက်က လွှင့်တင်ခဲ့တဲ့ ရုပ်သံဖိုင်ထဲမှာ နေရာတိုင်းမှာရှိတဲ့ မွတ်စလင်တွေ သူ့ကိုလေးစားလိုက်နာဖို့ တိုက်တွန်းခဲ့ပါတယ်။

**ရက်စက်မှုများ**

ရက်ကွာမှာ အိုင်အက်စ်တွေဟာ ခေါင်းဖြတ်သတ်ခြင်း၊ ကွပ်မျက်ခြင်း၊ မုဒိမ်းမှုကျူးလွန်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ လူမျိုးသုဉ်းသတ်ဖြတ်ခြင်း စတာတွေကို ကျူးလွန်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ တခြားရက်စက်မှုမျိုးစုံကိုလည်း ကျူးလွန်ခဲ့ကြပါတယ်။

တစ်ခါတစ်ရံမှာ ရုပ်သံဖိုင်၊ ဗီဒီယိုတွေကနေ တစ်ဆင့် ဝါဒဖြန့်မှုတွေ လုပ်ဆောင်လေ့ရှိပါတယ်။ ဒီရုပ်သံဖိုင်တွေ၊ ဗီဒီယိုတွေဟာ ဂျီဟတ်တွေရဲ့ ဝါဒဖြန့်ရာ နေရာတစ်ခုလည်း ဖြစ်ပါတယ်။

အီရတ်နိုင်ငံမှာလည်း အိုင်အက်စ်အုပ်စုဟာ ဆင်ဂျာဒေသတစ်ခုက ရာဇီဒီလူနည်းစုကို နိုင်ထက်စီးနင်းလုပ်ပြီး၊ အမျိုးသားလေးတွေကို အိုင်အက်စ်တပ်ဖွဲ့ဝင်တွေဖြစ်အောင် အတင်းအကျပ်လုပ်ခိုင်းတာ၊ အမျိုးသမီးတွေဆိုရင်လည်း လိင်ကျွန်အဖြစ် လုပ်ခိုင်းတာတွေ ရှိပါတယ်။

**ဂျီဟတ်ဆန့်ကျင်မဟာမိတ်များ**

၂၀၁၄ခုနှစ် ဩဂုတ်လမှာ အမေရိကန်စစ်လေယာဉ်တွေက အီရတ်နိုင်ငံ မြောက်ပိုင်းမှာရှိတဲ့ အိုင်အက်စ်တွေရဲ့ ခြေကုပ်ယူရာနေရာတွေကို တိုက်ခိုက်ခဲ့ကြပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ နိုင်ငံ ၇၀ ကျော်ပါဝင်တဲ့ မဟာမိတ်တပ်ဖွဲ့ကို ဖွဲ့စည်းကာ အီရတ်နဲ့ ဆီးရီးယားမှာရှိတဲ့ အိုင်အက်စ်တွေကို နှိမ်နင်းတိုက်ခိုက်ခဲ့ပါတယ်။ အမေရိကန်ဟာ အိုင်အက်စ်တွေကို နှိမ်နင်းဖို့ တပ်ဖွဲ့ဝင် ၅၀၀၀လောက်အထိ ဖြန့်ကြက်ချထားတာတွေ ရှိခဲ့ပါတယ်။

**ဆီးရီးယားမှာ အိုင်အက်စ်တွေကို အနိုင်ယူခြင်း**

အမေရိကန်လေကြောင်း ထောက်ပံ့မှုတွေနဲ့အတူ ကာ့ဒ်တပ်ဖွဲ့ဟာ ဇန်နဝါရီလ ၂၀၁၅ ခုနှစ်မှာ တူရကီနယ်စပ် ကိုဘိန်းမြို့က ဂျီဟတ်တွေကို မောင်းထုတ်နိုင်ခဲ့ပါတယ်။

ဩဂုတ်လ ၂၀၁၆ ခုနှစ်မှာ အမေရိကန်ထောက်ခံ ကာ့ဒ်-အာရပ် မဟာမိတ်လို့လူသိများတဲ့ ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့ (အက်စ်ဒီအက်ဖ်)အဖွဲ့ဟာ အလက်ပိုပြည်နယ်ထဲက မန်ဘစ်ချ်ကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။

တူရကီတင့်ကားတွေရဲ့ ပစ်ကူမှုနဲ့အတူ လေကြောင်းတိုက်ခိုက်မှုပါ အားဖြည့်ပံ့ပိုးပေးလိုက်တဲ့အချိန်မှာ အက်စ်ဒီအက်ဖ်အဖွဲ့ဟာ ဂျာရာဘူလက်စ်ဒေသကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၀၁၇ ခုနှစ်မှာတော့ အလက်ပိုပြည်နယ်ထဲက အယ်လ်ဘတ်ဒေသကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါတယ်။

မတ်လ ၂၀၁၇ ခုနှစ်မှာလည်း ရုရှားဂျက်လေယာဉ်တွေရဲ့ ပစ်ကူမှုနဲ့အတူ ဆီးရီးယားတပ်ဖွဲ့ဟာ ပါမာရာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါတယ်။ အဲဒီမြို့ဟာဆိုရင် ရှေးဟောင်းကန္တာရမြို့တော်တစ်ခု ဖြစ်ပါတယ်။ အဲဒီလို ယဉ်ကျေးမှုအမွေတွေထွန်းကားခဲ့ရာ မြို့တော်ဟာ အိုင်အက်စ်တို့ရဲ့ လက်အောက်မှာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်ခဲ့ပါတယ်။

"အိုင်အက်စ်တွေဟာ အရင်လိုထင်တိုင်းကြဲလို့ မရတော့ပါဘူး။ ဇန်နဝါရီ ၂၄ ရက် ၂၀၁၉ ခုနှစ် အေအက်ဖ်ပီရဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ထိပ်တန်းအက်စ်ဒီအက်ဖ်တပ်မှူးတစ်ဦးက အိုင်အက်စ်တို့ရဲ့ ကာလီဖိတ် ရည်မှန်းချက်ကြီးဟာ လအနည်းငယ်အတွင်းမှာ ရှုံးနိမ့်တော့မှာလို့ပြော"

အောက်တိုဘာလ ၂၀၁၇ ခုနှစ်မှာ အက်စ်ဒီအက်ဖ်တပ်ဖွဲ့ဟာ ရက်ကွာ မြို့တော်ကို အပြည့်အဝ ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။

**အီရတ်မှာ အိုင်အက်စ်တွေကို အနိုင်ယူခြင်း**

မတ်လ ၂၀၁၅ ခုနှစ်မှာ အီရတ်ဟာ မြို့တော် ဘဂ္ဂဒက်မြောက်ပိုင်းမှာရှိတဲ့ ဆက်ဒမ်ရဲ့ မွေးရပ်မြေ တီကရစ်ကို အိုင်အက်စ်လက်က လွတ်မြောက်ရာမြို့တော်အဖြစ် ကြေညာခဲ့သည်။ နိုဝင်ဘာလမှာ မဟာမိတ်တပ်တွေဟာ ဆင်ဂျာမြို့ကို ပြန်လည်ရရှိခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မှာတော့ အန်ဘာပြည်နယ်မြို့တော် ရာမဒီကို ပြန်လည်သိမ်းပိုက်ခဲ့ပြီး အီရတ်တပ်ဖွဲ့တွေဟာ ဖလူဂျာကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ ဇူလိုင်လ ၂၀၁၇ ခုနှစ်မှာ အီရတ်ဝန်ကြီးချုပ် အယ်လ်အာဘာဒီက ကိုးလကြာထိုးစစ်ဆင်နွှဲပြီးနောက်မှာ မိုဆူးလ်မြို့ကို အောင်မြင်ခဲ့ပြီဟု ကြွေးကြော်ခဲ့ပါတယ်။ ဩဂုတ်လမှာ အိုင်အက်စ်တွေရဲ့ နောက်ဆုံးခြေကုပ်ယူရာ အီရတ်နိုင်ငံမြောက်ပိုင်း ကျေးလက်ဒေသတစ်ခုဖြစ်တဲ့ အာဖာဒေသကို အိုင်အက်စ်လက်က လွတ်မြောက်ခဲ့ပြီဟု ကြေညာခဲ့ပါတယ်။ ဒီဇင်ဘာလ ၉ ရက်မှာတော့ အာဘာဒီဟာ သုံးနှစ်ကြာ ဆင်နွှဲခဲ့တဲ့ အိုင်အက်စ်ချေမှုန်းရေးစစ်ပွဲကြီး အောင်မြင်ခဲ့ပြီလို့ ကြေညာလိုက်ပါတော့တယ်။

**တိုက်ခိုက်မှုများ**

အဲဒီလိုအိုင်အက်စ်တွေကို ချေမှုန်းနိုင်ခဲ့သော်လည်း အိုင်အက်စ်တွေဟာ လုံးဝချုပ်ငြိမ်းမသွားဘဲ ကြိုကြားကြိုကြားတိုက်ခိုက်မှုတွေကို ပြုလုပ်လျက်ရှိပါတယ်။

ဇန်နဝါရီလ ၂၀၁၈ ခုနှစ်မှာ ဘဂ္ဂဒက်မြို့လယ်မှာ အသေခံတိုက်ခိုက်မှုနှစ်ခု ပြုလုပ်ခဲ့ရာ လူပေါင်း ၃၀ ကျော် သေဆုံးခဲ့ပါတယ်။ အိုင်အက်စ်တွေဟာ အီရတ်မှာ အသေခံတိုက်ခိုက်မှုတွေကို မကြာမကြာပြုလုပ်ကြတဲ့ သူတွေဖြစ်ပါတယ်။

ဆီးရီးယားမှာလည်း အိုင်အက်စ်ဂျီဟတ်အဖွဲ့တွေဟာ အမေရိကန် တပ်ဖွဲ့တွေကို ပစ်မှတ်ထားတိုက်ခိုက်မှုတွေ ပြုလုပ်ကြပါတယ်။ ဇန်နဝါရီ ၁၆ ရက်က မန်ဘစ်ချ်မှာ အမေရိကန်ကင်းလှည့်ယာဉ်တန်းကို အိုင်အက်စ်တွေက ပစ်မှတ်ထားကာ အသေခံတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြပါတယ်။

အဲဒီလိုလုပ်ခဲ့တာကြောင့် အရပ်သား ၁၀ ဦး သေဆုံးခဲ့ပြီး၊ ကာ့ဒ် - အာရပ်တပ်ဖွဲ့မှ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ငါးဦးနှင့် အမေရိကန် လေးဦးသေဆုံးခဲ့ပါတယ်။

အဲဒီဖြစ်ရပ်တွေဖြစ်ပြီး ရက်အတော်ကြာပြီးနောက်မှာ ဟာဆာခါ အရှေ့မြောက်ဘက်ပြည်နယ်မှာ အသေခံဗုံးခွဲသမားတစ်ဦးရဲ့ တိုက်ခိုက်မှုကြောင့် အမေရိကန်-အက်စ်ဒီအက်ဖ် တပ်ဖွဲ့တွေလိုက်ပါလာတဲ့ ယာဉ်တန်းဗုံးပေါက်ကွဲပြီး ငါးဦး သေဆုံးခဲ့ပါတယ်။

အခုတော့ အိုင်အက်စ်တွေဟာ အရင်လိုထင်တိုင်းကြဲလို့ မရတော့ပါဘူး။ ဇန်နဝါရီ ၂၄ ရက် ၂၀၁၉ ခုနှစ် အေအက်ဖ်ပီရဲ့တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ထိပ်တန်းအက်စ်ဒီအက်ဖ်တပ်မှူးတစ်ဦးက အိုင်အက်စ်တို့ရဲ့ ကာလီဖိတ် ရည်မှန်းချက်ကြီးဟာ လအနည်းငယ်အတွင်းမှာ ရှုံးနိမ့်တော့မှာလို့ ပြောခဲ့ပါတယ်။

အိုင်အက်စ်တွေရဲ့ လွှမ်းမိုးအုပ်ချုပ်မှု တဖြည်းဖြည်းပျောက်ကွယ်လာတဲ့အခါ ကာလီဖိတ်လုပ်မယ်ဆိုတဲ့ သူတို့ရဲ့ ရည်မှန်းချက်ဟာလည်း ဘယ်လိုမှ ဖြစ်လာနိုင်စရာအကြောင်း မရှိတော့ပါဘူး။

**ကိုးကား-အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုများ

## ဂျပန်တွင်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားနေ

**တိုကျို ဇန်နဝါရီ ၂၅**

ဂျပန်နိုင်ငံတစ်ဝန်း တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့နေကြောင်း သိရပြီး လတ်တလောအချိန်အထိ ရောဂါပိုး ကူးစက်ခံရသူပေါင်း ၂ ဒသမ ၁ သန်းကျော်ရှိပြီဖြစ်ကြောင်း ဂျပန် ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ လွန်ခဲ့သော သီတင်းပတ်တစ်ခုအတွင်း နိုင်ငံတစ်ဝန်းမှာရှိသည့် ကျန်းမာရေးဌာန ၅၀၀၀ ခန့်တွင် ပျမ်းမျှအားဖြင့် ဌာနတစ်ခုတွင် တုပ်ကွေးရောဂါလူနာ ၅၉ ဒသမ ၉၁ ဦးရှိကြောင်း ဝန်ကြီးဌာန၏ဖော်ပြချက်အရသိရသည်။ ဂျပန်နိုင်ငံ အအိချိ ခရိုင်၊ စိုင်းတာမာခရိုင်နှင့် ရှိဇုအိုကာ ခရိုင် သုံးခုသည် ရောဂါပိုးကူးစက်ခံရမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ရောဂါပိုး ကူးစက်ခံရခြင်း၏ ၆၀ ရာခိုင်နှုန်းလောက်သည် အိတ်ချ်ဝမ်းအင်န်ဝမ်း ဗိုင်းရပ်စ်ပိုး၏ လက္ခဏာများ ရှိကြောင်းနှင့် တုပ်ကွေးရောဂါကို ကာကွယ်ရန် လက်ဆေးခြင်းနှင့် မျက်နှာဖုံးတပ်ဆင်ခြင်းစသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်ကြရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## ဂျာမနီဝန်ကြီးချုပ်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်

**တိုကျို ဇန်နဝါရီ ၂၅**

ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်သည် ဖေဖော်ဝါရီလအစောပိုင်းတွင် ဂျပန်သို့ လာရောက်မည်ဖြစ်ကြောင်းနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဂျာမနီဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၄ ရက်ကစပြီး နှစ်ရက်ကြာ လာရောက်မည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ယော်ရှိဟီဒဲဆူဂါက ပြောကြားလိုက်သည်။

ဂျာမနီဝန်ကြီးချုပ်၏ ဂျပန်ခရီးစဉ်အတွင်း အာဘေးနှင့်တွေ့ဆုံသွားမည်ဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် နိုင်ငံတကာစည်းမျဉ်းများကို လိုက်နာရေး၊ ကမ္ဘာကြီးသာယာဝပြောရေးကို ထိန်းသိမ်းဖို့နှစ်နိုင်ငံလုံး တက်တက်ကြွကြွကူညီရေးစသည်တို့ကို ဆွေးနွေးသွားဖွယ်ရှိကြောင်း ဂျပန် အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ယော်ရှိဟီဒဲဆူဂါ က မကြာသေးမီတွင် ပြောကြားလိုက်သည်။

ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်အနေဖြင့် ဂျပန်နိုင်ငံကို လာရောက်ခြင်းသည် ယခု တစ်ကြိမ်နှင့်ဆိုလျှင် ငါးကြိမ်မြောက်ရှိပြီ ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် ဇွန်လတွင် အိုဆာကာ၌ ပြုလုပ်မည်ဖြစ်သော စက်မှုထိပ်သီးနိုင်ငံများ ဆွေးနွေးပွဲမတိုင်မီ လွတ်လပ်သော ကုန်သွယ်ရေးနှင့် တခြားရေးရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မန္တလေးတိုင်းဒေသကြီး၌ e-Government စနစ် အကောင်အထည်ဖော်ရန် ဒေတာစင်တာဖွင့်လှစ်

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် e-Government စနစ် တိုးတက်စေရန် ရည်ရွယ်၍ ဒေတာစင်တာဖွင့်ပွဲ(Soft Launch) အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဒေတာစင်တာဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ယနေ့ခေတ်တွင် Information Technology ကို အသုံးမချဘဲ မည့်သည့်အရာမျှ ဆောင်ရွက်၍ မရနိုင်သဖြင့် အစိုးရအနေဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အစိုးရ၏ လုပ်ငန်းစဉ်အချို့ နှောင့်နှေးကြန့်ကြာမှုများရှိသည်ကို ပြည်သူများ မသိရှိကြောင်း၊ ယခုလို e-Government စနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အစိုးရ၏လုပ်ငန်းများ ပိုမိုလျင်မြန်စွာဖြင့် ပွင့်လင်းမြင်သာမှုများ ရှိလာမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရ၏ လုပ်ဆောင်ချက်များကို ဝက်ဘ်ဆိုက်များတွင်လွှင့်တင်ကာ ပြည်သူများအား အသိပေးရမည်ဖြစ်ကြောင်း၊ ယခု e-Government စနစ်ကို အကောင်အထည်ဖော်နိုင်ခြင်းမှာ တိုင်းဒေသကြီးအတွင်းရှိ ကွန်ပျူတာပညာရှင်များက စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ပေးမှုကြောင့်ဖြစ်ကြောင်း၊ ၎င်းနည်းပညာရပ်များကို ဆောင်ရွက်နိုင်အောင် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ပညာရှင်များ မွေးထုတ်ပေးရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။


တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဒေတာစင်တာအတွင်း လှည့်လည်ကြည့်ရှုစဉ်။

တိုင်းဒေသကြီး e-Government စနစ် အကောင်အထည်ဖော်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်စိုးကလည်း "e-Government စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အတွက် ဌာနဆိုင်ရာတွေနဲ့ ဆက်သွယ်တဲ့အခါမှာ လူကိုယ်တိုင်သွားစရာမလိုဘဲ ဖုန်းကိုအသုံးပြုပြီး ဆောင်ရွက်လာနိုင်မယ်၊ သွားလာမှုနည်းပါးတဲ့အတွက် ယာဉ်ကြောရှုပ်ထွေးမှုကိုလည်း လျော့ကျစေနိုင်တယ်၊ ဒါ့အပြင် ဌာနဆိုင်ရာတွေမှာ စာဝင်၊ စာထွက် ကြန့်ကြာမှုတွေကို သက်ဆိုင်ရာအကြီးအကဲက ဝင်ရောက်ကြည့်ရှုနိုင်တဲ့အတွက် အစိုးရရဲ့ လုပ်ငန်းစဉ်တွေ လျင်မြန်လာနိုင်တဲ့အပြင် e-Government စနစ်ကို ကျင့်သုံးနေတဲ့အတွက် ပြည်ပနိုင်ငံများရဲ့ယုံကြည်မှုကို ပိုမိုရရှိပြီး ရင်းနှီးမြှုပ်နှံမှုတွေလည်းရှိလာမယ်"ဟု ပြောသည်။

ထို့နောက် ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဒေတာစင်တာတည်ဆောက်ရေးအတွက် ပံ့ပိုးကူညီခဲ့သည့် Lantro (Myanmar)ကုမ္ပဏီလီမိတက်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် e-Government စနစ် အကောင်အထည်ဖော်ရေး ကော်မတီဝင်များက ဒေတာစင်တာအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

မန္တလေးတိုင်းဒေသကြီး e-Government စနစ် အကောင်အထည်ဖော်ရေး ကော်မတီသည် ပထမခြေလှမ်းအနေဖြင့် ၂၀၁၇ ခုနှစ် ဇွန် ၂၀ ရက်က eMandalay Web Portal ကို လွှင့်တင်ခဲ့ပြီး ယခု ဒုတိယခြေလှမ်းအနေဖြင့် ဒေတာစင်တာကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဌာနဆိုင်ရာပေါင်း ၁၅၃ ခု ရှိသည့်အနက် ယခုလက်ရှိအချိန်တွင် ဌာန ၇၁ ခု၏ အချက်အလက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို eMandalay Web Portal(www.emandalay.gov.mm) ဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်း - မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ - အောင်ဖြိုးကျော်**

# ပဲခူးတိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး ဝန်ကြီးချုပ် ဖွင့်လှစ်ပေး


ရုံးဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ပဲခူး ဇန်နဝါရီ ၂၅**

ပဲခူးမြို့ရှိ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့ရုံး ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးကို ယခင် ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အအုံနေရာ၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဥပဒေဆိုင်ရာများတွင် အထောက်အကူပေးရန်၊ ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှု အခွင့်အရေးများ ရရှိစေရန်၊ ပြစ်မှုများအတွက် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာအထောက်အကူ ရရှိစေရန်၊ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုရှိစေရန်၊ တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာစေရန်၊ အမှုများကို မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်နိုင်ရေး အထောက်အကူပြုရန်နှင့် မှုခင်းများ ကြိုတင်ကာကွယ်ရေး အထောက်အကူပြုရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါရုံး ဖွင့်လှစ်ခြင်းအားဖြင့် ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်း စသည်တို့ကို ခံစားရသူများအနက် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်ရန်လိုအပ်သူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ရောဂါခံစားနေရသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များ၊ ထူးခြားသည့် အကြောင်းများကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုများအတွက် သက်သေများ စသည်တို့တွင် ဥပဒေဆိုင်ရာအကူအညီများ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# တရားမဝင် ရွှေ့ပြောင်းလုပ်သား ၆၀ အား ထောက်ပံ့ငွေများပေးအပ်

**မုံရွာ ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ပြည်ပသို့ တရားမဝင်သွား၍ အလုပ်လုပ်ကိုင်ရာမှ အဆင်မပြေဖြစ်ပြီး ကယ်တင်/ပြန်လည်ပို့ဆောင်ခြင်းခံရကာ ပြန်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၆၀ အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ကြီးမှူး၍ အသိပညာပေးခြင်း၊ ထောက်ပံ့ခြင်းများ ပြုလုပ်ကာ မိဘများထံသို့ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

မုံရွာမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည့် ရွှေ့ပြောင်းအလုပ်သမားများအား ထောက်ပံ့ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်၍ တရားမဝင် ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့်ပတ်သက်ပြီး ပညာပေး ပြောကြားခဲ့သည်။ "မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ အလုပ်သမားစေလွှတ်ပေးရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့အတွက် အခုလို သွားရောက်လုပ်ကိုင်ခြင်းဟာ တရားမဝင်ဘူး၊ တရုတ်နိုင်ငံကို အလုပ်သွားလုပ်မယ်ဆိုရင် နယ်စပ်သွားလာခွင့်လက်မှတ်နဲ့ပဲ သွားလုပ်နေတာကို တွေ့ရတယ်၊ ခုနစ်ရက် သက်တမ်းသာရှိတဲ့ နယ်စပ်သွားလာခွင့်လက်မှတ်က အလုပ်လုပ်ဖို့ မဟုတ်ဘူး၊ အလည်အပတ်သွားလာဖို့ ထုတ်ပေးခြင်းဖြစ်ပါတယ်၊ အဲဒီလို သွားလာတဲ့နေရာမှာလည်း နယ်မြေကန့်သတ်ချက်ရှိတယ်၊ သူတို့ခွင့်ပြုတဲ့နယ်မြေထက် ကျော်လွန်ရင်လည်း ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံရမှာဖြစ်တယ်၊ ဒါကြောင့် တရုတ်နိုင်ငံကို တရားမဝင် သွားရောက်အလုပ်မလုပ်ကြဖို့ ပြောချင်တယ်၊ အခုအဖြစ်အပျက်ကိုလည်း လူငယ်တိုင်း သတိပြုဆင်ခြင်စေချင်တယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

ထို့နောက် ရွှေ့ပြောင်းအလုပ်သမားများအား အဝတ်အထည်များနှင့် ထောက်ပံ့ငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ခဲ့သည်။ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် တိုင်းဒေသကြီးအစိုးရက ကျပ်သိန်း ၆၀၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ကျပ် ၄၉ သိန်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ စုပေါင်းလှူဒါန်းငွေ ကျပ် ၄၉၅၀၀၀၀၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနက ကျပ်သိန်း ၂၀၊ တိုင်းဒေသကြီး လမ်းဦးစီးဌာနက ကျပ်သိန်း ၃၀၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနက ကျပ် ၃၂ သိန်း၊ စည်ပင်သာယာရေးဝန်ကြီးဌာနက ကျပ် ၁၄၅၀၀၀၀၊ ရွှေတောင်ကုမ္ပဏီက ကျပ်ငါးသိန်း၊ မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးရေးဦးစီးဌာနက ကျပ် ၃၀၅၀၀၀၀ နှင့် ဆည်မြောင်းဦးစီးဌာနက ကျပ်နှစ်သိန်း စုစုပေါင်း ကျပ် ၂၃၁၅၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပုသိမ်မျိုးစေ့ပြပွဲသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ကျင်းပသော ပုသိမ်မျိုးစေ့ပြပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ပြပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ World Without Hunger(WWH, Myanmar) အဖွဲ့မှ တာဝန်ရှိသူနှင့် မြန်မာနိုင်ငံဆန်စပါးအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်တို့က အမှာစကားပြောကြားပြီး ပြပွဲအတွင်း ပြသထားသော စပါးမျိုးစေ့ပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာ ပြခန်းများကို လိုက်လံကြည့်ရှုခဲ့သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် LIFT ၏ ပံ့ပိုးမှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် နယ်သာလန်နိုင်ငံရှိ Wageningen University & Research တို့ ပူးပေါင်း၍ အကောင်အထည်ဖော်နေသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။



ပုသိမ်မျိုးစေ့ပြပွဲမှ ပြခန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကြည့်ရှုအားပေးစဉ်။

ပုသိမ်မျိုးစေ့ပြပွဲကို ဇန်နဝါရီ ၂၄ နှင့် ၂၅ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ပြပွဲအတွင်း မျိုးစေ့ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအကြောင်း၊ ဝယ်လိုအားခန့်မှန်းစနစ် အက်ပလီကေးရှင်းများအကြောင်း၊ မျိုးစေ့ကဏ္ဍနှင့် ပတ်သက်သော အမေးအဖြေများ၊ မျိုးစေ့ကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲများနှင့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာကျင့်သုံးလုပ်ဆောင်ရမည့်တာဝန်များ စသော ဟောပြောပွဲများ ပါဝင်ခဲ့ပြီး စပါးနှင့် အခြားမျိုးစေ့ဆိုင်ရာပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာပြခန်းနှင့် ပုဂ္ဂလိကဘဏ်ပြခန်း စသော ပြခန်းပေါင်း ၂၈ ခန်းလည်း ပါဝင်ပြသခဲ့ပြီး ပြပွဲသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးတောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မြိတ်မြို့ ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ပြင်ဆင်မှုများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**မြိတ် ဇန်နဝါရီ ၂၅**

မြိတ်မြို့အများပိုင်ကော်ပိုရေးရှင်းနှင့် Myeik Shopping Centre ၌ ဇန်နဝါရီ ၂၅ နှင့် ၂၆ ရက်တွင် ကျင်းပမည့် နဝမအကြိမ်မြောက် အသေးစားနှင့်အလတ်စားထုတ်ကုန် (MSMEs Products) ဒေသတွင်း ပြပွဲနှင့် ပြိုင်ပွဲအတွက် ဈေးဆိုင်ခန်း၊ ပြခန်းများ ပြင်ဆင်ထားရှိမှု အခြေအနေများကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၄ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မြိတ်အများပိုင်ကော်ပိုရေးရှင်းနှင့် အခြားကုမ္ပဏီများ၏ ပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်ကာ ထိုင်းနိုင်ငံမှ ဒေသထွက်ကုန်ပစ္စည်းပြခန်း ၇၀ နှင့် မြန်မာနိုင်ငံအနှံ့အပြားမှ ဒေသထွက်ကုန်ပစ္စည်းများပြခန်း ၁၆၁ ခန်းတို့ဖြင့် Myeik Shopping Centre အတွင်း ဇန်နဝါရီ ၂၅ နှင့် ၂၆ နှစ်ရက်ကြာ ပြသရောင်းချပြီး ၂၇ ရက်တွင် ပြိုင်ပွဲများအတွက် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



ပြောင်းစိုက်ခင်းတွင် ဖော+ငမြှောင်တောင်ပိုး ကျရောက်နေမှုကြောင့် ကောင်းကင်ဆေးဖျန်းစက်ဖြင့် ပက်ဖျန်းနေစဉ်။

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ငမြှောင်တောင်ပိုးကျရောက်မှုကြောင့် ထိခိုက်ဧရိယာ ၈၈၈၈ ဧက ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

**မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး / ပြည်နယ် အချို့တွင် ဖော+ ငမြှောင်တောင်ပိုးများ ကျရောက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်များတွင် အများဆုံး ကျရောက်လျက်ရှိသည်။ ထို့ကြောင့် အဆိုပါ မြို့နယ်များတွင် ဓာတုပိုးသတ်ဆေးဖြင့် ပက်ဖျန်းခြင်းလုပ်ငန်း ပိုမိုထိရောက်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံဆောင်ရွက်ပေးမှုဖြင့် AAE ကုမ္ပဏီမှ ထိုင်းနိုင်ငံ၌ သီးနှံများ ဆေးဖျန်းကာကွယ်ခြင်းလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဒရုန်းဆေးဖျန်းစက်များဖြင့် တစ်နေ့လျှင် ဧက ၈၀ မှ ၁၀၀ အကြား ပက်ဖျန်းပေးလျက်ရှိသည်။**

ဟင်္သာတခရိုင်အတွင်း အသုံးပြုပက်ဖျန်းရန် စီစဉ်ဆောင်ရွက်ခဲ့ရာ ဒရုန်းဆေးဖျန်းစက် နှစ်စင်းဖြင့် ဇန်နဝါရီ ၁၈ ရက်တွင် ဟင်္သာတမြို့နယ်၌ လည်းကောင်း၊ ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ဇလွန်မြို့နယ်၌ လည်းကောင်း ပက်ဖျန်းဆောင်ရွက်ခဲ့ရာ စုစုပေါင်း ၂၅၂ ဧက ဆေးဖျန်းကာကွယ်နိုင်ခဲ့ပြီး ဆေးဖျန်းကာကွယ်ခြင်းလုပ်ငန်းကို ယနေ့အထိ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ကာကွယ်နှိမ်နင်းမှု တိုးမြှင့်ဆောင်ရွက်

"ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခုနှစ်ပြောင်းစိုက်ဧက တစ်သိန်းလေးသောင်းလောက်ရှိရာမှာ ပိုးကျရောက်မှုများပြီး စီးပွားရေးအရ တွက်ခြေကိုက်တဲ့အဆင့်ကျော်ပြီး ဆေးဖျန်းဖို့လိုတာက ဧက ၄၀၀၀၀ ကျော်လောက် ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း စက်နဲ့ဖျန်းရတဲ့ ဆေးဖျန်းပုံးအလုံး ၁၀၀ ပေးထားပါတယ်။ တိုင်းဒေသကြီး အစိုးရကလည်း ဆေးဖျန်းပုံးတွေ ပို့ထားတာရှိပါတယ်။ နောက်ပြီး ဆေးကုမ္ပဏီအချို့ကလည်း အရေးပေါ်ဆေးတွေ ပံ့ပိုးပေးထားတာ ရှိပါတယ်။ တောင်သူတွေကိုယ်တိုင် တစ်ပိုင်တစ်နိုင် ဆေးဖျန်းပုံးတွေနဲ့ ပက်ဖျန်းနေတာရှိသလို ဆေးဖျန်းပုံးလိုတဲ့နေရာတွေမှာလည်း ဒီကဆေးဖျန်းပုံးတွေနဲ့ ဝိုင်းပြီး လုပ်ဆောင်နေပါတယ်။ ဖော+ ငမြှောင်တောင်ပိုး ကျရောက်နေတာကတော့ ဟင်္သာတနဲ့ ဇလွန်ဘက်တွေမှာ အဆိုးရွားဆုံး ကျရောက်နေပါတယ်။ ဇန်နဝါရီ ၁၈ ရက်ကတည်းက စပြီးတော့ ထိုင်းနိုင်ငံက ကုမ္ပဏီတစ်ခုရဲ့ အကူအညီရယူပြီး ကောင်းကင်ဆေးဖျန်းစက်တွေနဲ့ ပက်ဖျန်း ပေးနေပါတယ်။ ပြည်တွင်းက AAE ကုမ္ပဏီကအကူအညီနဲ့ ထိုင်းနိုင်ငံက ဒရုန်းဆေးဖျန်းတဲ့ ကုမ္ပဏီနဲ့ ချိတ်ဆက်ပြီး ဆေးဖျန်းနေတာ တစ်နေ့ကို ဧက ၈၀-၁၀၀ လောက် ပြီးပါတယ်။ ယနေ့အထိ ဟင်္သာတဘက်မှာ ဆေးပက်ဖျန်းပေးနေတာပါ"ဟု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ပြောကြားသည်။

### ပျက်စီးမှုအခြေအနေ

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှစ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြောင်းစိုက်ဧရိယာဧက ၁၄၂၀၂၀ အနက် ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်ရှိ မြို့နယ် ၁၅ မြို့နယ်အတွင်း ၁၃၆၀၁၃ ဧကတွင် ပိုးများတွေ့ရှိခဲ့ပြီး ၄၄၀၉၂ ဧကမှာ စီးပွားရေးအရ ထိခိုက်သောအဆင့်တွင် ရှိနေရာ ယနေ့အထိ ထိခိုက်ဧရိယာ ၈၈၈၈ ဧက ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

"တောင်သူတွေအနေနဲ့တော့ ဘယ်သီးနှံစိုက်စိုက် သီးနှံစိုက်ရင် ပိုးဆိုတာ ကျတတ်တာပဲ။ ကျတာကို ဝိုင်းဝန်းပြီး ကာကွယ်နှိမ်နင်းနိုင်ဖို့ လိုအပ်ပါတယ်။ အခုကျရောက်နေတဲ့ ဖော+ ငမြှောင်တောင်ပိုးက ကျွန်တော်တို့ဆီမှာ မရှိသေးတဲ့ မျိုးစိတ်အသစ်ဖြစ်တဲ့အတွက် သူ့ရဲ့ဖျက်ဆီးမှုစွမ်းအားက လက်ရှိ ရှိနေတဲ့ မျိုးစိတ်တွေရဲ့ ဖျက်ဆီးမှုထက် မြန်တယ်။ ဒါကြောင့် အချိန်မီကာကွယ်နိုင်ဖို့ လိုအပ်ပါတယ်။ လယ်သမားတွေအနေနဲ့ ကာကွယ်နှိမ်နင်းလို့ကောင်းတဲ့အဆင့် မှာ ဆေးဖျန်းဖို့လိုအပ်တယ်ဆိုရင် ဆေးဖျန်းပြီး နှိမ်နင်းနိုင်အောင် စိုက်ပျိုးရေး ဦးစီးဌာနက ဝန်ထမ်းတွေနဲ့ ဝိုင်းဝန်း ဆောင်ရွက်ဖို့လိုပါတယ်။ အခုကျနေတဲ့ ပိုးက ပြောင်းကိုအကြိုက်ဆုံးဖြစ်နေတော့ ပြောင်းခင်းတွေမှာပဲ ကျရောက်နေတာကို တွေ့ရပါတယ်။ အခုပိုးက အမြစ်ပြတ် အောင်လုပ်ဖို့ တော်တော်ခက်ပါတယ်။ စီးပွားရေးအရ ဆုံးရှုံးနိုင်တဲ့အဆင့် မရောက်အောင် ကာကွယ်နိုင်ဖို့ပဲလိုတယ်။ ဒီပိုးက လုံးလုံးပျောက်သွားမှာ မဟုတ်တဲ့အတွက် တောင်သူတွေအနေနဲ့ အခုလက်ရှိ ပြောင်းစိုက်တဲ့ရာသီမှာလည်း ဂရုစိုက်ဖို့လိုသလို နောက်နှစ် ပြောင်းစိုက်တဲ့ ရာသီမှာလည်း ဂရုစိုက်ကာကွယ်ဖို့ လိုပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ငမြှောင်တောင်ဖျက်ပိုး ကျရောက်နေမှုတွင် အစေ့ထုတ်ပြောင်း အများဆုံးစိုက်ပျိုးထားရှိသော ဇလွန်မြို့နယ် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာအုပ်စုများတွင် ပိုမိုများပြားသည်ကို တွေ့ရှိရပြီး ဖူးစားပြောင်းအများဆုံး စိုက်ပျိုးသော မအူပင် ခရိုင်အတွင်းတွင် ငမြှောင်တောင်ဖျက်ပိုးကျရောက်မှု ရှိသော်လည်း တောင်သူအများစုမှာ စတင်ရိတ်သိမ်းလျက်ရှိပြီး ယနေ့အထိ ၁၃၃၀၅ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

### ပူးပေါင်းပံ့ပိုးဆောင်ရွက်မှုအခြေအနေ

တိုင်းဒေသကြီးအတွင်း ငမြှောင်တောင်ဖျက်ပိုး (Fall Army Worm -FAW) ကျရောက်လျက်ရှိသော ဧရိယာများတွင် ဓာတုဆေးဖြင့် ပက်ဖျန်းခြင်းလုပ်ငန်းအား စုပေါင်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကျောပိုးဆေးဖျန်းစက်အလုံး ၅၀၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ကျောပိုး ဆေးဖျန်းစက် အလုံး ၁၀၀၊ AAE ကုမ္ပဏီမှ ဒရုန်းဆေးဖျန်းစက်လေးစင်း၊ MAPCO ကုမ္ပဏီမှ ဒရုန်းဆေးဖျန်းစက်တစ်စင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဧက ၂၀၀၀ စာအတွက် ဓာတုပိုးသတ်ဆေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဧက ၂၀၀ စာ ဓာတုပိုးသတ်ဆေး၊ မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီမှ ဧက ၁၀၀ စာ ဓာတုပိုးသတ်ဆေးတို့ကို ပံ့ပိုးကူညီခဲ့သည်။

တိုင်းဒေသကြီးအတွင်း ပြောင်းသီးနှံတွင် ငမြှောင်တောင်ဖျက်ပိုး ကျရောက်သည့် စီးပွားရေးအရ ထိခိုက်စေသောအဆင့် ၄၄၀၉၂ ဧကအား ဓာတုဆေးများဖြင့် ပက်ဖျန်းကာကွယ်နှိမ်နင်းရေးလုပ်ငန်းအား စုပေါင်းဆောင်ရွက်လျက်ရှိပြီး ထပ်မံရောက်ရှိလာမည့် ဒရုန်းဆေးဖျန်းစက်နှစ်စင်းအပါအဝင် ဒရုန်းဆေးဖျန်းစက်ငါးစင်းဖြင့် ဓာတုပိုးသတ်ဆေးများ ပက်ဖျန်းကာကွယ်ခြင်း၊ AAE ကုမ္ပဏီမှ ထပ်မံရောက်ရှိလာမည့် ထွန်စက်ကြီးတွင် တပ်ဆင်အသုံးပြုသော ဆေးဖျန်းစက် (Tractor-mounted Sprayer) နှစ်စီးဖြင့် စိုက်ခင်းငယ်များတွင် ဆေးဖျန်းခြင်း၊ ကျောပိုးဆေးဖျန်း စက်များဖြင့် လူထုပါဝင်စုပေါင်းပက်ဖျန်း ကာကွယ်ခြင်းများအပြင် လူထုဖြင့် စုပေါင်းကောက်ယူ ဖျက်ဆီးခြင်းလုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာမှ သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ပန်းတနော်၌ ငမြှောင်တောင်ပိုး ကျရောက်မှု စုပေါင်းကောက်ယူနှိမ်နင်း

**ပန်းတနော် ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်အတွင်း ကျေးရွာများရှိ ပြောင်းစိုက်ခင်းများတွင် ဖော+ငမြှောင်တောင်ပိုးများ ကျရောက်နေမှုများကို တောင်သူများအနေဖြင့် ကာကွယ်မှုနည်းစနစ်မှန်ကန်ရေး အသိပညာပေးခြင်းနှင့် ကောက်ယူဖျက်ဆီးခြင်းများကို ယမန်နေ့ နံနက်ပိုင်းတွင် ဘဝိုင်းကျေးရွာ တောင်သူတစ်ဦး၏ ပြောင်းစိုက်ခင်း၌ ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်၊ ခရိုင်ဦးစီးမှူး ဦးသိန်းအောင်၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူလယ်သမားများ စုပေါင်းပြီး ဖော+ငမြှောင်တောင်ပိုး ကျရောက်နေမှုများကို စုပေါင်းကောက်ယူ ဖျက်ဆီးခဲ့ကြောင်း၊ တောင်သူများအား ဆေးဖျန်းနည်းစနစ်၊ ပိုးသတ်ဆေးသုံးစွဲနှုန်းမှန်ကန်ရေး၊ ကာကွယ်မှု နည်းစနစ်မှန်ကန်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပန်းတနော်မြို့နယ်၌ ကျေးရွာအုပ်စု ၅၂ အုပ်စုတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၂၁၅ ဧက ကျော်ရှိပြီး ၇၀၆၉ ဧက ၌ ဖော+ ငမြှောင်တောင်ပိုးများ ကျရောက်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အဆိုပါ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းအသိပညာပေးခြင်းများ၊ နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၅-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ | ကျပ် | ၉၁၅/၉၂၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၇၁၀ | ကျပ် | ၇၄၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၃၂ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၆ ・ ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၂၀၀၇ ・ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၉၅ ・ ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၅ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၅ ・ ၆၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ ・ ၅၆၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၅ ・ ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၉ ・ ၇၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ ・ ၃၅၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# လူငယ်တွေနှင့် ဘဝရပ်တည်မှုအကြောင်း အမျိုးသမီး ဒီဂျေပညာရှင် ပိုးအိဖြူစင်နှင့် တွေ့ဆုံမေးမြန်းခြင်း



**သရုပ်ဆောင် စမိုင်းလ်၏ ညီမဝမ်းကွဲဖြစ်ပြီး Music DJ အလုပ်ကို ဝါသနာအရ လုပ်ကိုင်ရာမှ ဝမ်းရေးအတွက်ပါ လုပ်ကိုင်နေရင်း အောင်မြင်နေသူလည်းဖြစ်သည့် အမျိုးသမီး ဒီဂျေပညာရှင် ပိုးအိဖြူစင်နှင့် တွေ့ဆုံ၍ လူငယ်များ၏ဘဝနှင့် စိတ်ကူးများအကြောင်းကို မေးမြန်းဖြစ်ခဲ့သည်။**

**မေး။ ။ အနုပညာလောကထဲကို စအခြေချဖြစ်ခဲ့တာက။**

ဖြေ။ ။ အနုပညာလောကထဲဝင်ခဲ့တာက ခြောက်နှစ်၊ ခုနစ်နှစ်လောက် ရှိပါပြီ၊ Miss ပြိုင်ပွဲတွေကနေ စဝင်ခဲ့တာပါ၊ ဆုတွေလည်းရခဲ့ပါတယ်၊ ပြိုင်ပွဲ ၁၀ ပွဲလောက် ပြိုင်ခဲ့ပြီး ၂၀၁၂ နဲ့ ၂၀၁၃ ခုနှစ်တွေလောက်မှာ ဆုငါးဆုလောက် ရခဲ့တယ်။ ညီမက ဆုတွေရပြီးနောက်ပိုင်း Miss ဘက် ဆက်မပြိုင်ဖြစ်တော့ဘူး။ DJ ဘက်ကိုပဲ တစိုက်မတ်မတ်နဲ့ ထဲထဲဝင်ဝင်လုပ်ဖြစ်လာတာ ဒီနေ့အထိပေါ့နော်။

**မေး။ ။ အနုပညာလောကထဲမှာ စမိုင်းလ်ရဲ့ ညီမဝမ်းကွဲဆိုတော့ အစ်မက ဘာတွေ ကူညီပေးလဲ၊ ပြီးတော့ DJ လမ်းကြောင်းကို ရွေးဖြစ်တာက။**

ဖြေ။ ။ ညီမက သရုပ်ဆောင်ဘက်ကိုတော့ ဝါသနာမပါပါဘူး၊ အဲဒီတော့ အစ်မနဲ့လည်း သိပ်ပြီး တွေ့လေ့တွေ့ထတော့ သိပ်မရှိဘူး၊ သူလည်း သူ့အလုပ်နဲ့သူဆိုတော့လေ၊ ပြီးတော့ ညီမက သရုပ်ဆောင်အလုပ်ထက် TV Commercial တွေ စိတ်ဝင်စားတယ်၊ ဝါသနာပါတယ်၊ DJ ဘက်ကလည်း ငယ်ငယ်လေးထဲက စိတ်ဝင်စားတာ၊ ၂၀၀၉-၂၀၁၀ ဆယ်တန်းတုန်းကတည်းက DJ ကို စိတ်ဝင်စားတာ၊ မိန်းကလေး DJ ကလည်း ရှားတယ်လေ၊ ညီမကိုယ်တိုင် ဝါသနာပါတာကြောင့်ရော၊ စမ်းလုပ်ကြည့်ချင်တာရောဆိုတော့ DJ လိုင်းထဲ ဝင်ဖြစ်တာပေါ့နော်။ မော်ဒယ်က အသက်အရွယ်အပိုင်းအခြား ရှိတယ်လေ၊ Music ကျတော့ ကိုယ် Creation လုပ်နိုင်ရင် လုပ်နိုင်သလို၊ ကိုယ်ပိုင် music တွေ ဖန်တီးလို့ရတယ်။ ရေရှည်လုပ်လို့ရလို့ music ဘက်ကို ရွေးဖြစ်လိုက်တာ။

**မေး။ ။ DJ Music နဲ့ပဲ ဘဝကို ရှေ့ဆက်တော့မယ်ဆိုတဲ့ သဘောလား။**

ဖြေ။ ။ တချို့လူငယ်တွေက ကိုယ်ဝါသနာပါတဲ့အလုပ်ကို တစိုက်မတ်မတ် မလုပ်ကြဘူး၊ ကိုယ်ဝါသနာပါတဲ့အလုပ်တစ်ခုကို တစိုက်မတ်မတ် လုပ်နေမယ်ဆိုရင် အောင်မြင်မှုရမှာပါ။ ဇွဲရှိဖို့တော့ လိုတာပေါ့၊ တချို့က ဝါသနာပါတယ်၊ စမ်းလုပ်ကြည့်လိုက်တယ်၊ မဖြစ်ရင် လက်လျှော့လိုက်တယ်၊ အဲဒီတော့ ဖြစ်ချင်သလောက် မဖြစ်လာဘူး၊ ညီမကတော့ ပြည်တွင်းတင်မကဘူး ပြည်ပအထိပါ ပေါက်မြောက်တဲ့ DJ သမားဖြစ်အောင် ကြိုးစားသွားမှာပါ၊ ညီမက DJ နဲ့ ပတ်သက်လို့ ဖေ့စ်ဘုတ်မှာတင်လိုက်လို့ ဆိုးတာတစ်ခုခု လာပြီးကွန်းမန့်ရေးပြီဆိုရင် ငါလိုအပ်တာရှိနေပြီ၊ ပြင်ရမယ်ဆိုတဲ့ ကောင်းတဲ့ဘက်ကတွေးပြီး ပြင်ပါတယ်။ ညီမ အခုဆိုရင် EDM နဲ့ပတ်သက်တာတွေကို လေ့လာနေပါတယ်။ မိန်းကလေးဖြစ်တဲ့အတွက် ညဘက်ထွက်ရတာတော့ အခက်အခဲရှိတယ်။ ကိုယ့်ဘာသာ ကာကွယ်ရတဲ့အပိုင်းတွေ ရှိတယ်။ သီချင်းတောင်းတဲ့အခါ ရိုးရိုးတောင်းတဲ့သူတွေရှိသလို ရိသဲ့သဲ့တောင်းတာမျိုးတွေလည်းရှိတယ်။ ရှောင်ရှားရတယ်၊ ကာကွယ်ရတယ်၊ ဘေးကင်းလုံခြုံဖို့အတွက်ပေါ့နော်။ မိန်းကလေး DJ မရှိတော့ ဝေဖန်ပြောဆိုလာတဲ့အပေါ်မှာ ညီမကတော့ ကိုယ့်အတွက်ကောင်းဖို့ ပြောတာပဲဆိုပြီး ကောင်းအောင် ကြိုးစားနေပါတယ်။ ဝေဖန်တာကတော့ ရပါတယ်။ တိုက်ခိုက်တာမဟုတ်ရင် ပြီးတာပါပဲ။ DJ နဲ့ အသက်မွေးဝမ်းကျောင်းဖို့ အဆင်ပြေလားဆိုတာကတော့ နိုင်ငံခြားမှာရတဲ့ဝင်ငွေနဲ့ မြန်မာပြည်မှာရတဲ့ ဝင်ငွေက အများကြီး ကွာပါတယ်။ ။

**ကိုလင်း**

# Jin Party ရုပ်ရှင်တွင် နာမည်ကြီးသရုပ်ဆောင်များနှင့်အတူ ရဲရင့်အောင် ပါဝင်မည်

ငှါ့ကိုနမ်းတဲ့မုန်တိုင်း ရုပ်ရှင်ဇာတ်ကားကြီးတွင် လွှမ်းပိုင်၊ အိချောပိုတို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ရာတွင် ဇာတ်ပို့အကယ်ဒမီဆုအတွက် ပရိသတ်များ၏ တစ်ပေးခြင်းကို ခံရသည်အထိ အောင်မြင်ခဲ့ပြီး သရုပ်ဆောင်ဘက်ကိုလည်း ကူးပြောင်းလာသည့် အဆိုတော် ရဲရင့်အောင်သည် Bo Bo Film ထုတ်လုပ်ရေးက ရိုက်ကူးနေသည့် Jin Party ဟု အမည်ရသည့် ရုပ်ရှင်ဇာတ်ကားကြီးတွင်လည်း အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ လူမင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ရွှေအိမ်စည် စသည့် နာမည်ကျော် သရုပ်ဆောင်များနှင့်အတူ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ဂီတနှင့် ရုပ်ရှင် အနုပညာနှစ်မျိုးစလုံး လုပ်ကိုင်လာခြင်းကြောင့် ကြုံတွေ့ရသည့် အခြေအနေနှင့်ပတ်သက်၍ ရဲရင့်အောင်က "အမှန်အတိုင်းပြောရရင် ကျွန်တော် ရှေ့မှာရိုက်ထားတဲ့ကား လက်စမသတ်ခင် နှစ်ရက်စာပဲ ကျန်တော့တဲ့အချိန်မှာ သီချင်းလုပ်ဖို့ကို အချိန်ပေးထားတယ်။ ဒါပေမယ့် ဒီအလုပ် ရုတ်တရက်ပေါ်လာတယ်။ ပြီးတော့ ဒီအလုပ်ကလည်း ကျွန်တော်လုပ်သင့်တဲ့အလုပ်လို့ ထင်တဲ့အတွက် ကျွန်တော် သီချင်းလုပ်တဲ့ဘက်ကို ခဏနားထားတယ်၊ ဒါပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် ဖိစီးစရာတစ်ခုခုပေးလိုက်တဲ့ပုံစံမျိုးတော့ ဖြစ်နေတာပေါ့။ ကျွန်တော် သီချင်း အရမ်းလုပ်ချင်နေတယ်။ လုပ်ခွင့်မရသေးဘူးပေါ့နော်။ ပြီးတော့ ကျွန်တော့်ပရိသတ်တွေက ကျွန်တော့်ကို လာလာပြောကြတယ်။ အခွေမထွက်သေးဘူးလား။ ကိုရဲရင့် အရမ်းကြာနေပြီပေါ့။ တချို့ကျတော့လည်း ထင်လိမ့်မယ်။ ကျွန်တော် ဘာမှမလုပ်ဘူးပေါ့နော်။ ပရိသတ်တွေကို ကျွန်တော် ဒါတွေလုပ်နေပါတယ်လို့ ပြောချင်ပါတယ်"ဟု ဆိုသည်။

**ကိုလင်း**



# ၃(က) ရုပ်ရှင်ဇာတ်ကားကြီးကို ဖေဖော်ဝါရီလအတွင်း စတင်ရိုက်ကူးသွားမည်

စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်၍ ဇာတ်လမ်း ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် လူငယ်ဒါရိုက်တာ အောင်ချမ်းလူက ရေးသားရိုက်ကူးမည့် ၃(က) အမည်ရ ရုပ်ရှင်ဇာတ်ကားကြီးကို ဖေဖော်ဝါရီလအတွင်း စတင်ရိုက်ကူးမည်ဟုသိရသည်။ အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးတွင် လူငယ်သရုပ်ဆောင် ချမ်းမင်းရဲထွဋ်၊ ထူးခြား၊ နန်းစုဦး၊ စိုးမြတ်သူဇာ၊ ဇင်မျိုးနှင့် သာသာတို့ အဓိက ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

"၃(က)ရုပ်ရှင်က ညီမ၊ ချမ်းမင်းရဲထွဋ်နဲ့ ထူးခြားတို့ရဲ့ဒရာမာကားလေးပေါ့။ ၃(က) ဆိုတဲ့ အခန်းလေးထဲမှာနေတဲ့ သားအမိအကြောင်းလေးကို ရိုက်ထားတာပေါ့၊ ဒီကားထဲက ကာရိုက်တာက ညီမအတွက် တစ်ခါမှမလုပ်ဖူးသေးတဲ့ ကာရိုက်တာသစ်ပေါ့၊ ဇာတ်ကို ဖတ်ကြည့်တဲ့အခါမှာ ပညာပေးလေးလည်းဖြစ်တဲ့အတွက် လက်ခံရိုက်ဖြစ်တာပါ။ ကာရိုက်တာတိုင်းက ကိုယ့်အတွက် အသစ်အသစ်တွေဖြစ်နေတော့ ကာရိုက်တာတိုင်းမှာ စိန်ခေါ်မှုတွေရှိပါတယ်၊ တစ်ခါမှမလုပ်ဖူးသေးတဲ့ ကာရိုက်တာမျိုးဆိုတော့ ပြင်ဆင်မှုပိုင်းကအစ အားလုံး သတိထားပြီးလုပ်ရမှာပေါ့"ဟု ပါဝင်သရုပ်ဆောင်မည့် နန်းဆုဦးက ပြောသည်။

**ကိုလင်း**



၃(က)ရုပ်ရှင် ကန်တော့ပွဲတွင်တွေ့ရသော သရုပ်ဆောင်များ။

# ဟာသသရုပ်ဆောင် ကင်းကောင် ကွယ်လွန်သည့်အပေါ် အနုပညာရှင်တို့၏ ဝမ်းနည်းစကားသံများ



လူရွှင်တော် ဟာသသရုပ်ဆောင် ကင်းကောင်သည် ဇန်နဝါရီ ၂၂ ရက် နံနက် ၆ နာရီခွဲခန့်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတွင် ရုပ်ရှင်ရိုက်ကူးနေရင်း ရင်ကျပ်ရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။ ၎င်းကွယ်လွန်ခြင်းအတွက် အနုပညာ ညီအစ်ကိုမောင်နှမ သရုပ်ဆောင်များ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**ဇာဂနာ**

တက္ကသိုလ်ကျောင်းသားဘဝတုန်းက အငြိမ့်ကတော့ လူရွှင်တော်နာမည်က အရှည်ကြီး။ နာမည်အရင်းက မျိုးမြင့်။ ကျွန်တော်နဲ့တွေ့တော့ ကင်းကောင်လို့ နာမည်ပြောင်းပေးလိုက်တယ်။ လူကောင်က ထွားတာကိုး။ မြပုဏ္ဏမာဆိုတာ ၁၉၈၅ ကနေ ဒီနေ့ထက်ထိပဲ။ မြပုဏ္ဏမာကို ပထမဆုံး လက်ပြနှုတ်ဆက်သွားတာ သူဖြစ်သွားပြီ။ သူအိပ်ရာပေါ်လဲတော့ အနားမှာ ကျွန်တော် အမြဲရှိတယ်။ ခွဲဖို့စိတ်ဖို့ လက်မှတ်ထိုးတာကအစ၊ သွေးရှာတာအဆုံးပေါ့။ သက်သာလာတော့ အနုပညာပိုးက သတ်လို့မသေ။ လောလောဆယ် ပြနေတဲ့ သာမိုမီတာဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်သေးတယ်။ ဒီကနေ အခု ပုပ္ပားမှာ ဇာတ်လမ်းတွဲပါလို့ဆိုပြီး မိသားစုတစ်စုလုံး သွားကြတာ။ ကြာသပတေးသား ကြာသပတေးနံမြို့မှာ ကွယ်လွန်ရှာတယ်။ ပြည်လမ်းမ ညမိုးချုပ်မှာ ကြိုးကုတ်ကျက်မှတ်ခဲ့တဲ့ ခွန်းထောက်လေပြေတွေ ကျန်နေဦးမှာပါ။ တစ်နေ့တော့ တို့ညီအစ်ကိုတွေ ပြန်ဆုံကြဦးမယ်။

**ဖိုးဖြူ**

အချစ်ဆုံးရဲဘော်ရဲဘက်ကြီး သွားနှင့်တော့။ ကောင်းရာဘုံဘဝမှာ ပြန်ဆုံကြတာပေါ့။ တို့တွေက ညီအစ်ကိုလို ရဲဘော်ရဲဘက်လို အနုပညာအလုပ်ကို ငယ်ငယ်ကတည်းကနေ အတူတူလုပ်ကိုင်လာခဲ့ကြတဲ့သူတွေပါ။ အခု သူသေတာတော့ အချိန်တန်လို့ သေသွားတာပဲ၊ ကိုယ်တွေလည်း မတတ်နိုင်ဘူး။ ဒါပေမယ့် သေချာတာတစ်ခုကတော့ သူမရှိတော့တဲ့အတွက် ကျွန်တော်တို့အတွက်လည်း အစားထိုးလို့မရတဲ့ ဆုံးရှုံးမှုတစ်ခုပါ။ ကျွန်တော်တို့ သရဲလေးကောင်အဖွဲ့ထဲမှာ သူက ပထမဆုံး ထွက်သွားတဲ့သူဖြစ်တဲ့အတွက် ကျန်တဲ့သူတွေမှာတော့ ပြောမပြတတ်အောင် ဝမ်းနည်းကြေကွဲရပါတယ် သူငယ်ချင်းရယ်။

**သက်မွန်မြင့်**

ကိုယ်အလွန်ချစ်ရတဲ့ ဦးကင်း။ မော်ဒယ်ဘဝအစပိုင်းမှာ ကြော်ငြာတူတူရိုက်ကြရင်း သူလည်း ကိုယ့်ကိုချစ်၊ ကိုယ်လည်းချစ်၊ ဘယ်အချိန်တွေ့တွေ့မပြောင်းလဲတဲ့အချစ်တွေနဲ့ ချစ်ပေးတဲ့ ဦးကင်း၊ တကယ်ဝမ်းနည်းရပါတယ် ဦးကင်းရယ်။ ကောင်းရာဘုံဘဝ ရောက်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ စိတ်ထားကောင်းတဲ့သူ ကံကောင်းတယ်တဲ့၊ အလွန်ချစ်စရာကောင်းတဲ့ဦးကင်း ဒီဘဝထက်သာတဲ့ဘဝမှာ အေးချမ်းပါစေနော်။

**ကိုလင်း**

# အဆိုတော် ယူမိုး၏ ဒုတိယမြောက်စီးရီးထွက်ရှိခြင်း အမှတ်တရဂီတဖျော်ဖြေပွဲ ပြုလုပ်မည်

၁၉၉၆ ခုနှစ်က 'ကစားပွဲ'အမည်ဖြင့် တေးစီးရီးတစ်ခွေထွက်ရှိခဲ့သော အဆိုတော် ယူမိုးသည် ၂၅ နှစ်ကျော်ကြာ တေးသီချင်းထုတ်လုပ်မှုနှင့် ဝေးကွာသွားခဲ့ပြီးနောက် ဒုတိယမြောက်တေးစီးရီးကို ဇန်နဝါရီ ၁၆ ရက်က The Sun Music တေးထုတ်လုပ်ရေးမှတစ်ဆင့် စတင်ဖြန့်ချိခဲ့ကြောင်းသိရသည်။

"ကျွန်တော် ဒီအခွေလေးကိုလုပ်နေတာ ကြာပါပြီ၊ သီချင်းပုံစံလေးတွေကအစ အားလုံးကို ဒဿနဆန်ဆန်လေးတွေ ဖန်တီးခဲ့ပါတယ်၊ အခွေထဲမှာပါတဲ့ သိဒ္ဓတ္ထဆိုတဲ့ သီချင်းလေးဆို ဗုဒ္ဓရဲ့တရားတော်တွေထဲကအတိုင်း ထွက်ရာ၊ လွတ်မြောက်ရာလမ်းကို ညွှန်းဆိုပြီး သီဆိုထားတာပါ၊ နောက်တစ်ပုဒ်ဆို မာသာထရီဆာရဲ့အကြောင်းလေးပါ၊ ကရုဏာရှင်တစ်ယောက်ကို ဂုဏ်ပြုပြီး သီဆိုထားတာပါ၊ အဲဒီသီချင်းလေးနှစ်ပုဒ်ကတော့ အကြိုက်ဆုံးလို့ ပြောလို့ရပါတယ်၊ ကျွန်တော်က သီချင်းတွေကို ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆိုရတာကို ပိုနှစ်သက်လို့ သီချင်းအကုန်လုံးနီးပါး ကိုယ်ပိုင်သံစဉ်တွေချည်းပဲ လုပ်ထားပါတယ်"ဟု အဆိုတော် ယူမိုးက ပြောသည်။

အဆိုပါတေးစီးရီးတွင် တေးသီချင်း ငါးပုဒ်ကို ယူမိုး ကိုယ်တိုင် ရေးသားထားပြီး ၎င်းအနေဖြင့် အခွေထွက်ရှိခြင်း အမှတ်တရအဖြစ် ဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၆ ရက်(ယနေ့) ည ၇ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ ဆာကူရာတာဝါ အထပ် ၂၀ ၌ ကျင်းပမည်ဟု သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

## ဆယ်လီနာဂိုမက်ဇ်သီချင်း အသစ်ထွက်ရှိ

ကျန်းမာရေးအခြေအနေကြောင့် ဆိုရှယ်မီဒီယာကနေ ခေတ္တပျောက်ကွယ်ခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ အခုအခါမှာတော့ သီချင်းအသစ်ထွက်ရှိလို့လာခဲ့ပါပြီ။ ဂျူလီယာမိုက်ကယ်နဲ့အတူ သီဆိုထားတဲ့ Anxiety ဆိုတဲ့ သီချင်းပဲဖြစ်ပါတယ်။ ဒီသီချင်းသစ်ကို နားထောင်ပြီးတဲ့ နောက်မှာတော့ ပရိသတ်တွေဟာ ဆယ်လီနာ့ကို အထူးပဲချီးကျူးခဲ့ကြပါတယ်။

ဒီသီချင်းအသစ်မှာ ဆယ်လီနာဂိုမက်ဇ်ရော ဂျူလီယာ မိုက်ကယ်ရောပါ ဂီတမှာ နာမည်ကျော်ကြားကြတဲ့သူတွေ ဖြစ်ကြပါတယ်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ဆယ်လီနာရဲ့ Taki Taki ဆိုတဲ့ သီချင်းထွက်ရှိပြီးနောက် ပထမဆုံးအသစ်လုပ်တဲ့ သီချင်းလည်းဖြစ်ပါတယ်။ Anxiety သီချင်းကို Apple Music က ထွက်ရှိပြီးတဲ့ နောက်မှာတော့ ဂျူလီယာက ဒီသီချင်းမှာ သူတို့တစ်တွေ ဘယ်လောက်ထိ ပူးပေါင်းလုပ်ဆောင်ထားတယ်ဆိုတာ မြင်သာတယ်လို့ ပြောခဲ့ပါတယ်။

သီချင်းနာမည်ကို စိုးရိမ်ပူပန်မှုလို့ အမည်ပေးထားတဲ့အတွက် စိုးရိမ်ပူပန်ရမှု၊ စိတ်ခံစားကျဆင်းမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဆယ်လီနာနဲ့ ပိုပြီးတော့ ကိုက်ညီနေပါတယ်။ ဆယ်လီနာကလည်း သူကိုယ်တိုင် စိုးရိမ်ပူပန်ရမှုတွေနဲ့ ရင်ဆိုင်ခဲ့ရလို့ သူ့နှလုံးသားနဲ့ ဒီသီချင်းဟာ အနီးစပ်ဆုံးပါပဲလို့ ပြောခဲ့ပါတယ်။ စိုးရိမ်ပူပန်ရမှုနဲ့ ရင်ဆိုင်နေရတာ လူတိုင်းလူတိုင်းပါပဲ။ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူးဆိုတာ သိစေချင်ပါတယ်လို့ ပြောခဲ့ပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



အဆိုတော် ဂျူလီယာမိုက်ကယ်နှင့် ဆယ်လီနာဂိုမက်ဇ်

## ခရစ်ဘရောင်း အသရေဖျက်မှုဖြင့် ပြန်လည်တရားစွဲ

အခုသီတင်းပတ်အတွင်း ပြင်သစ်ရဲစခန်းအချုပ်ခန်းမှ လွတ်လာတဲ့ ခရစ်ဘရောင်းဟာ သူ့ကို စွပ်စွဲခဲ့တဲ့ အမျိုးသမီးကို အသရေဖျက်မှုဖြင့် ပြန်လည်တရားစွဲဆိုခဲ့တယ်လို့ သိရပါတယ်။ အမျိုးသမီးတစ်ဦးက ခရစ်ဘရောင်းနဲ့ အခြားအမျိုးသားနှစ်ဦးက ယခုကာလအတွင်း ပါရီမြို့က ဟိုတယ်အခန်းတစ်ခုမှာ သူ့ကို အဓမ္မပြုကျင့်ခဲ့တယ်လို့ စွပ်စွဲခဲ့ပါတယ်။ ပါရီမြို့အခြေစိုက် ခရစ်ဘရောင်းရဲ့ ရှေ့နေက ကြာသပတေးနေ့မှာ အမှုဖွင့်ခဲ့တယ်လို့ သိရပါတယ်။

ခရစ်ဘရောင်းဟာ အင်္ဂါနေ့က အမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အဖမ်းခံခဲ့ရပါတယ်။ သူနဲ့အတူ အဖမ်းခံရတဲ့ အခြားလူနှစ်ဦးရဲ့ အမည်ကိုတော့ ဖော်ပြခဲ့ခြင်းမရှိပါဘူး။ ဒီအမှုကို အမြန်ဆုံးရှင်းလင်းလိုပါပြီလို့ ခရစ်ဘရောင်းက အင်စတာဂရမ်မှာ ရေးသားခဲ့ပါတယ်။ ခရစ်ဘရောင်းဟာ အရင်တုန်းကလည်း ချစ်သူဟောင်းဖြစ်သူ ရီဟားနားကို အကြမ်းဖက်ခဲ့မှုနဲ့ တရားစွဲခံရပါတယ်။ ၂၀၁၇ ခုနှစ်ကလည်း ခရစ်ဘရောင်းဟာ သူ့ရဲ့ ခွင့်ပြုချက်မရဘဲ ဓာတ်ပုံရိုက်ခဲ့တဲ့ ဓာတ်ပုံဆရာကို ကိုယ်ထိလက်ရောက်ကျူးလွန်မှုနဲ့ အဖမ်းခံခဲ့ရပါတယ်။ အဲဒီနောက် အာမခံဖြင့် လွတ်လာခဲ့ပြီး တရားရင်ဆိုင်ဖို့ စောင့်ဆိုင်းနေဆဲ ဖြစ်ပါတယ်။

**စီအင်န်အင်န်**



အဆိုတော် ခရစ်ဘရောင်း



# လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၅)

**မောင်ခင်မင် (ဓနုဖြူ)**

"တကယ်တော့ ဘဘတို့၊ သမီးတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် စကားနဲ့ဆက်သွယ်တဲ့အလုပ်ကို နေ့တိုင်းမလုပ်မဖြစ် လုပ်နေရတာမဟုတ်လား။ ၂၄ နာရီမှာ စကားပြောတဲ့အလုပ်ကိုလုပ်တဲ့ အချိန်က အများကြီးပဲလေ။ အပြင်မှာပြောရတာ အားမရလို့လား မသိဘူး။ အိပ်မက်ထဲမှာတောင် ဆက်ပြီးစကား ပြောကြသေးတာလေ"

"ဟုတ်တယ်နော်ဘဘ။ ဘဘပြောမှ သတိထားမိတယ်"

"ဒီတော့ စကားပြောတဲ့အလုပ်က ဘယ်လောက် အရေးကြီးတယ်ဆိုတာ စဉ်းစားကြည့်ပေါ့ကွယ်။ အဲဒီလို အရေးကြီးတဲ့အတွက် စကားပြောရာမှာ စည်းကမ်းဥပဒေ ထုတ်မထားပေမယ့် စကားပြောသူတွေ နားလည်လိုက်နာရတဲ့ စည်းကမ်းတွေရှိတယ်ကွဲ့"

"ဩော်... ဘယ်လိုစည်းကမ်းတွေလဲ ဘဘ"

"ဆိုပါတော့ကွယ်။ ချာပနလိုက်ပို့နေတုန်း ရယ်စရာတွေ မပြောရဘူးလို့ စည်းကမ်းထုတ် မထားပေမယ့် လိုက်နာကြတာမျိုးပေါ့။ ဒါဟာ လူမှုရေးအရ သိရမယ့်စည်းကမ်းမဟုတ်လား။ အဲဒီလိုမသိရင် ဘုရားလက်ထက်က ရဟန်းကြီးတစ်ပါးက မင်္ဂလာအခမ်းအနားမှာ အမင်္ဂလာစကားပြောပြီး အမင်္ဂလာအခမ်းအနားကျတော့ မင်္ဂလာစကားပြောတယ်ဆိုတာမျိုး ဖြစ်နေမှာပေါ့"

"ဟုတ်ကဲ့ပါ"

"တချို့နေရာမှာကျတော့ သတိမထားမိတဲ့သူတွေကို သတိပေးစကား ပြောရတာမျိုးလည်းရှိတာပေါ့။ 'အခမ်းအနားစတော့မှာ ဖြစ်တဲ့အတွက် လက်ကိုင်ဖုန်းများကို ပိတ်ထားကြဖို့ မေတ္တာရပ်ခံပါတယ်' ဆိုတာမျိုးပေါ့။ ဘာဖြစ်လို့ ဖုန်းပိတ်ခိုင်းတာလဲဆိုပြီး စဉ်းစားနေစရာ မလိုတော့ဘူးလေ။ စကားပြောသံကြောင့် အနှောင့်အယှက်မဖြစ်အောင်ဆိုတာ နားလည်ကြတာပေါ့"

"ဟုတ်ကဲ့ နားလည်ပါပြီ ဘဘ"

"ပြီးတော့ စကားပြောရာမှာ ပြောသူရော နားထောင်သူရော နှစ်ယောက်လုံး သိပြီးသားအချက်တွေကို ထည့်မပြောဘဲ ချန်ထားတာဟာလည်း ပုံမှန်ကျင့်သုံးတဲ့ နည်းလမ်းတစ်ခုပဲလေ။ နားထောင်သူက ပြောသူ ထည့်မပြောတဲ့ အချက်တွေကို သူ့ဘာသာသူ ကောက်ချက်ချပြီး အဆင်သင့်နားလည်နေတတ်ပါတယ်"

"ဘယ်လိုပြောပုံမျိုးလဲဘဘ"

"မနက်က မုန့်ဟင်းခါးဝယ်စားတာ ကောင်းလိုက်တာ။ ဘူးသီးကြော်ကလေးကလည်း ကြွပ်ရွနေတာပဲလို့ သမီးက ဘဘကို ပြောတယ်ဆိုပါတော့။ အဲဒီစကားမှာ သမီးရော၊ ဘဘရော သိပြီးသားမို့ ထည့်မပြောတဲ့အချက်က ဘာဖြစ်မယ်ထင်သလဲ"

"ဟင်... သမီးသတိမထားမိပါဘူးဘဘ"

"စဉ်းစားကြည့်လေ။ မုန့်ဟင်းခါး ကောင်းတာနဲ့ ဘူးသီးကြော်ကြွပ်ရွတာနဲ့ အဲဒီအကြောင်းအရာနှစ်ခုက ဘာဆိုင်လို့လဲ။ တခြားစီပဲဟာ"

"ဩော်... မုန့်ဟင်းခါးစားရင် ဘူးသီးကြော်ထည့်စားတဲ့ အလေ့ရှိလို့ အကြောင်းအရာနှစ်ခုက ဆက်စပ်မှုတော့ ရှိပါတယ် ဘဘ"

"ဟုတ်ပါပြီ။ အဲဒီအကြောင်းကို သမီးက ဘာဖြစ်လို့ ထည့်မပြောတာလဲ"

"သမီးသိပါပြီ။ မုန့်ဟင်းခါးကို ဘူးသီးကြော်နဲ့ စားလေ့ရှိတယ်ဆိုတဲ့အချက်က ဘဘရော၊ သမီးရော သိပြီးသားမို့ သမီးထည့်မပြောတာဖြစ်မှာပါ"

"ဟုတ်ပါတယ် သမီးရဲ့။ 'မုန့်ဟင်းခါးထဲမှာ ဘူးသီးကြော်ထည့်စားရတယ်လေ' ဆိုတဲ့စကားကို ဘဘတို့ချင်း ထည့်ပြောစရာမှ မလိုတာ။ ဒါကြောင့် သမီးထည့်မပြောတာပေါ့"

"ဟုတ်ကဲ့ပါ"

"စကားပြောသူ နှစ်ယောက်ရဲ့ အနေအထား ကွဲပြားမှုကိုလိုက်ပြီး ထည့်ပြောဖို့ လိုတဲ့အချက်၊ မလိုတဲ့အချက်တွေ ကွဲပြားနိုင်တယ်ကွဲ့"

"ဟုတ်ကဲ့၊ ရှင်းပြပါ ဘဘ"

" သမီးက ဗိုလ်ချုပ်ဈေးသွားရင်း သူငယ်ချင်း တစ်ယောက်နဲ့ တွေ့တော့ မတွေ့တာကြာလို့ ဝမ်းသာပြီး 'ဟဲ့ နင်ဘယ်မှာနေသလဲ' လို့မေးရင် သူက 'ငါကြည့်မြင်တိုင်မှာ နေတယ်၊ နင်ကော' လို့ ပြန်မေးမယ်။ သမီးက 'ငါက ကမာရွတ်မှာနေတယ်' လို့ ပြန်ပြောတယ်ဆိုပါတော့"

"ဟုတ်ကဲ့"

"သမီးတို့နှစ်ယောက်လုံး ရန်ကုန်မှာနေတယ်ဆိုတာ ဘာဖြစ်လို့ထည့်မပြောတာလဲ"

"ဟာ... ဘဘ၊ ရန်ကုန်မှာနေတဲ့သူချင်း ရန်ကုန်မှာ နေတယ်ဆိုတဲ့ အချက်က နှစ်ယောက်လုံး သိပြီးသားမို့ ထည့်ပြောစရာ ဘယ်လိုမလဲ"

"ဟုတ်ပါတယ်။ ဒါကြောင့် ထည့်မပြောတာပေါ့။ ကဲ... မတွေ့တာကြာတဲ့ သူငယ်ချင်းနှစ်ယောက် ဘယ်မှာ နေမှန်းလဲ မသိကြဘူးဆိုပါတော့၊ ဘုရားသွားဖူးရင်း ပုဂံမှာတွေ့ကြတယ်ဆိုရင် ဘယ်လိုပြောမလဲ"

"ငါက ရန်ကုန်မှာနေတယ်၊ ငါကမော်လမြိုင်မှာနေတယ် ဆိုတာမျိုးပြောမှာပေါ့ ဘဘ။ လိပ်စာအတိအကျပြောဖို့လိုရင် ငါရန်ကုန်က ကြည့်မြင်တိုင်မှာ နေတယ်၊ ဘယ်လမ်း အိမ်နံပါတ်ဘယ်လောက်ပေါ့။ တစ်ယောက်ကလည်း ငါက မော်လမြိုင်၊ ဒိုင်းဝန်ကွင်းမှာနေတယ် ဘာညာပေါ့ ထည့်ပြောရမှာပေါ့"

" ဟုတ်ပါပြီ၊ ဒါပေမယ့် သမီးတို့နှစ်ယောက်လုံး မြန်မာနိုင်ငံမှာ နေတယ်လို့တော့ ထည့်မပြောကြဘူးနော် "

" ဟာ...ဘဘကလဲ။ သမီးတို့နှစ်ယောက်လုံး မြန်မာနိုင်ငံမှာနေပြီး ပြောနေကြတာ မြန်မာနိုင်ငံမှာ နေတယ်လို့ ထည့် ပြောဖို့မှမလိုတာ "

" အေး ... ဒါပေမယ့်၊ သမီးမိတ်ဆွေနိုင်ငံခြားသားတစ်ယောက်နဲ့ ဂျပန်မှာတွေ့တယ်ဆိုရင်တော့ သမီးကို ဘယ်မှာနေလဲလို့ မေးရင် ' မြန်မာနိုင်ငံ၊ ရန်ကုန်မြို့မှာ နေတယ်ဆိုတာ ပြောကို ပြောရမှာပေါ့' သူကလည်း စင်ကာပူမှာနေတယ်၊ အင်္ဂလန်မှာနေတယ် စသည့်ဖြင့် ပြောရမှာပေါ့နော် "

" နားလည်ပါပြီ ဘဘ"

" ခုပြောနေတာတွေက စကားပြောသူ နှစ်ယောက်နေတဲ့ နေရာချင်းနီးစပ်မှု ဘယ်လောက်ရှိတယ်ဆိုတဲ့ အတိုင်းအတာအရ နှစ်ယောက်လုံးသိပြီးသား အကြောင်းအရာကို ထည့်မပြောဘဲ နားလည်နိုင်ကြတဲ့ အကြောင်းပဲ။ ပြောတဲ့သူနဲ့ နားထောင်တဲ့သူ နီးစပ်လေလေ၊ အတွေ့အကြုံချင်း တူလေလေ မဟုတ်လား။ အတွေ့အကြုံချင်းတူလေလေ၊ ပြောတဲ့စကားပမာဏကိုချုံ့လို့ရလေလေပေါ့။ အဲဒီတော့ အတွေ့အကြုံချင်း သိပ်နီးစပ်ပြီး နဂိုကတည်းက နားလည်နေကြရင် ပြောတဲ့ သူက 'ဟိုကိစ္စပြေလည်ရဲ့လား' လို့ မေးတာကို နားထောင်သူက 'ပြီးသွားပါပြီ' လို့ ပြန်ပြောရုံနဲ့ လုံလောက်သွားပြီလေ။ ဘာကိစ္စဆိုတာ ထည့်မပြောဘဲ အပြန်အလှန် နားလည်သွားကြတာကိုး"

"စိတ်ဝင်စားဖို့ကောင်းလိုက်တာ ဘဘ"

"တစ်ခါတစ်ခါ အဲဒီလိုအတွေ့အကြုံနီးစပ်တဲ့ ကိစ္စတွေမှာပြောတာ သူကအကျင့်ပါနေလို့ စကားထဲမှာ 'ဟိုဒင်းပြုတယ်' တို့ 'ဟိုဒင်းဖြစ်သွားတယ်' တို့ ဆိုတာမျိုး ထည့်ပြောတတ်တာ ကြားဖူးမှာပေါ့။ အဲဒီလိုပြောရင် နားထောင်တဲ့သူက သူ့စကားကို ဆက်စပ်ပြီး ဘာဆိုလိုတယ်ဆိုတာ နားလည်သွားတာပဲလေ။ အတွေ့အကြုံချင်းနီးစပ်တာကိုး"

"ဟုတ်ကဲ့ပါ"

"ပြောတဲ့စကားကလေး တစ်လုံးကလည်း မမြင်ရတဲ့အနက်အဓိပ္ပာယ်တွေကို ဖော်ပြနေတတ်တယ်။ စကားထဲမှာ မပါပေမယ့် နားထောင်တဲ့သူက အဲဒီအဓိပ္ပာယ်ကိုဖြည့်ပြီးနားလည်နေတတ်တယ်"

"ဘယ်လိုစကားမျိုးပါလဲ ဘဘ"

" မိန်းကလေးတစ်ယောက်အကြောင်း ပြောမယ်ဆိုပါတော့။ 'အေးအေးက သဘောကောင်းပါတယ်' လို့ပြောရင် ပုံမှန်ပဲ။ ဒါပေမယ့် 'အေးအေးကတော့ သဘောကောင်းပါတယ်' လို့ 'တော့' တစ်လုံးထည့်ပြောရင် ဘယ်လိုအဓိပ္ပာယ်သက်ရောက်သလဲ"

" သမီးပြောကြည့်ပါမယ်။ 'အေးအေးကတော့ သဘောကောင်းပါတယ်' လို့ပြောရင် တခြားတစ်ယောက်ယောက်နဲ့ ယှဉ်တဲ့ အဓိပ္ပာယ်ပါလာတယ်ထင်ပါတယ်။ ' မြမြကသဘောမကောင်းဘူး ' လို့ ဆိုလိုတာမျိုး ဖြစ်မယ်ထင်ပါတယ်"

"ဖြစ်နိုင်ပါတယ်။ အေးအေးနဲ့မြမြကိုယှဉ်ပြတဲ့ အဓိပ္ပာယ်ပေါ့။ ကဲ 'အေးအေးကသဘောတော့ ကောင်းပါတယ် ' လို့ပြောရင်ကော၊ သဘောကောင်းတာနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ တခြားအချက်တစ်ခုကို ဖော်ပြချင်တဲ့သဘောလို့ထင်ပါတယ်။ 'သဘောတော့ ကောင်းပါတယ်၊ စာမတော်ဘူး ' သဘောတော့ကောင်းပါတယ်၊ ရုပ်မချောဘူးဆိုတဲ့ အဓိပ္ပာယ်မျိုးတွေဖြစ်နိုင်မယ် ထင်ပါတယ်ဘဘ"

"ဟုတ်ပါပြီ။ အဲဒီလို 'တော့ ' တို့၊ 'တောင်' တို့ 'ပါ' တို့၊ 'လည်း' တို့ဆိုတဲ့ နောက်ဆက်စကားတွေက စကားခွန်းထဲမှာ မမြင်သာတဲ့ အဓိပ္ပာယ်တွေကို ဖော်ပြနေတတ်တယ်။ ' ဒီကိစ္စကို ဆရာသိတယ် ' လို့ ပြောရင်ပုံမှန်ပဲပေါ့။ 'ဒီကိစ္စကို ဆရာတောင်သိတယ်' လို့ပြောရင် အဓိပ္ပာယ်က ဘယ်လိုသက်ရောက်သလဲ"

"လူငယ်တွေလောက်ပဲ သိရမယ့်ကိစ္စကို ဆရာလို လူကြီးကတောင် သိသွားပြီလို့ ဆိုလိုတာပါ "

" 'ဆရာပဲ သိတယ်' ဆိုရင်ကောကွယ်"

"တခြားလူတွေမသိဘူး။ ဆရာတစ်ယောက်တည်းသိတယ် လို့ဆိုလိုတာပါ"

"ဆရာလည်းသိတယ်ဆိုရင်ကော"

"တခြားလူ တွေသိသလို ဆရာပါသိတယ်လို့ ဆိုလိုတာပါ ဘဘ"

"ဆရာတော့သိတယ် ဆိုရင်ကော"

"တခြားလူတွေသိမသိတော့ မပြောတတ်ဘူး။ ဆရာသိတာတော့အမှန်ပဲလို့ဆိုလိုတာပါ"

"ဟုတ်ပါပြီ။ ဟုတ်ပါပြီ။ တစ်ယောက်နဲ့တစ်ယောက် စကားပြောဆိုရာမှာ ဆိုလိုတဲ့အဓိပ္ပာယ်ကိုနားလည်ဖို့ လက်တွေ့ပြောဆိုပုံတွေကို လေ့လာကြည့်တဲ့အခါ ဒီအဓိပ္ပာယ်သဘောတွေကို တွေ့နိုင်တာပေါ့ကွယ်"

> **"ခုပြောနေတာတွေက စကားပြောသူနှစ်ယောက်နေတဲ့ နေရာချင်း နီးစပ်မှု ဘယ်လောက်ရှိတယ်ဆိုတဲ့ အတိုင်းအတာအရ နှစ်ယောက် လုံးသိပြီးသား အကြောင်းအရာကို ထည့်မပြောဘဲ နားလည်နိုင်ကြ တဲ့ အကြောင်းပဲ။ ပြောတဲ့သူနဲ့ နားထောင်တဲ့သူ နီးစပ်လေလေ၊ အတွေ့အကြုံချင်း တူလေလေမဟုတ်လား။ အတွေ့အကြုံချင်း တူလေလေ၊ ပြောတဲ့စကားပမာဏကိုချုံ့လို့ရလေလေပေါ့"**

# မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။)**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းရင်းဆေးပညာ** ဆိုသည်မှာ အပင်ထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက်၊ တွင်းထွက်ပစ္စည်းများဖြင့် ဖော်စပ်ထားသော ဆေးဝါးများ၊ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယဟူသော နယကြီးလေးပါးနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုး အသီးသီး၏ ရိုးရာတိုင်းရင်းဆေးကုထုံး နည်းစနစ်များကို အသုံးပြု၍ လူသားတို့၏ သက်ရှည်ကျန်းမာရောဂါဘယကင်းဝေးစေရေးအတွက် ရောဂါရှာဖွေခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းစသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအားလုံးတွင် ပါဝင်ဆောင်ရွက်နိုင်သည့် ပညာရပ်ကို ဆိုသည်။

(ခ) **နိုင်ငံတကာတိုင်းရင်းဆေးပညာ** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၏ တိုင်းရင်းဆေးဆိုင်ရာကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းက အသိအမှတ်ပြုထားသည့် တိုင်းရင်းဆေးပညာရပ်ကို ဆိုသည်။

(ဂ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီကို ဆိုသည်။

(ဃ) **နာယကအဖွဲ့** ဆိုသည်မှာ ကောင်စီ၏ နာယကအဖွဲ့ကို ဆိုသည်။

(င) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(စ) **ကောင်စီဝင်** ဆိုသည်မှာ ကောင်စီတွင် ပါဝင်သူတစ်ဦးဦးကိုဆိုသည်။

(ဆ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာကောင်စီက ဤဥပဒေအရထုတ်ပေးသည့် တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဇ) **မှတ်ပုံတင်တိုင်းရင်းဆေးဆရာ** ဆိုသည်မှာ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းတွင် အမည်တင်သွင်းခြင်းခံရပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဈ) **ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့် လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်ဆေးကုသခွင့်လိုင်စင် သို့မဟုတ် ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်တို့ကိုဆိုသည်။

(ည) **အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီကအသိအမှတ်ပြုထားသော မှတ်ပုံတင်တိုင်းရင်းဆေးဆရာအား သတ်မှတ်ချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဋ) **အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ပြည်တွင်းတိုင်းရင်းဆေးတက္ကသိုလ်က အပ်နှင်းထားသော သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခု၏ သက်ဆိုင်ရာ တိုင်းရင်းဆေးဆိုင်ရာကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းက အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီနှင့် ဘွဲ့လွန်ဒီပလိုမာရရှိပြီး အရည်အချင်းပြည့်မီ၍ ကျွမ်းကျင်မှုရှိသည်ဟု ကောင်စီက သတ်မှတ်ခြင်းခံရသော မှတ်ပုံတင်တိုင်းရင်းဆေးဆရာအား ဤဥပဒေအရ ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဌ) **ကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ကုသသည့်စနစ်များကို ကောင်စီက စာတွေ့၊ လက်တွေ့စိစစ်၍ ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့် ဒေသတို့အား ကန့်သတ်၍ ဤဥပဒေအရ ထုတ်ပေးထားသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဍ) **ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၏ သက်ဆိုင်ရာ တိုင်းရင်းဆေးဆိုင်ရာကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသောအဖွဲ့အစည်းက ထုတ်ပေးထားသော တိုင်းရင်းဆေးပညာဘွဲ့ရရှိသည့် နိုင်ငံတကာ တိုင်းရင်းဆေးဆရာအား ဤဥပဒေအရသတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးထားသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဎ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန** ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊

(ခ) တိုင်းရင်းဆေးဆရာများအား မိမိတို့၏ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများကို လိုက်နာစေရေး ကြီးကြပ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အဆင့်အတန်းမြင့်မားစွာ စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းပြုရေး၊ တိုင်းရင်းဆေးပညာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) တိုင်းရင်းဆေးဆရာများ၏ ဆေးပညာအရည်အသွေးနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(င) ပြည်သူများအတွက် အရည်အသွေးပြည့်ဝပြီး အစွမ်းထက်မြက်၍ ဘေးဥပဒ်ကင်းသော တိုင်းရင်းဆေးဝါးများ ထွက်ပေါ်လာရေးအတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် အရည်အသွေးထိန်းသိမ်းရေးကိစ္စရပ်များကို တိုင်းရင်းဆေးဝါးဥပဒေနှင့်အညီ အကြံပြုပူးပေါင်းဆောင်ရွက်ရန်၊

(စ) တိုင်းရင်းဆေးပညာနှင့်သက်ဆိုင်သော အယူအဆသဘောတရားများ၊ ကုထုံးနည်းစနစ်များ၊ ဆေးဝါးများနှင့်ဆိုင်သော အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကိစ္စရပ်များကို တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲနိုင်စေရန်၊

(ဆ) တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက် တိုင်းရင်းဆေးဝါးများကို တိမ်မြုပ်ပျောက်ကွယ်မှု မရှိစေရန်၊ ပိုမိုတိုးတက်ပြန့်ပွားစေရန်နှင့် ကာကွယ်ထိန်းသိမ်းရန်၊

(ဇ) တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးပညာရှင်များ စည်းလုံးညီညွတ်ရေးတို့အတွက် ပညာရပ်ဆိုင်ရာအသင်းအဖွဲ့များ ဖွဲ့စည်းရာတွင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်။

## အခန်း(၃)
## မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဖွဲ့စည်းခြင်း

၄။ ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်း ဖြစ်သည်။

၅။ ကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်နှင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်ရှိ၍ တရားစွဲဆိုနိုင်သော၊ တရားစွဲဆိုခြင်းကိုခံနိုင်သော အဖွဲ့အစည်း ဖြစ်သည်။

၆။ အစိုးရအဖွဲ့သည် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ယင်းပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် တစ်ဦး၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်အောက် မနိမ့်သော ရာထူးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အငြိမ်းစားပုဂ္ဂိုလ်တစ်ဦးနှင့် ဝါရင့်တိုင်းရင်းဆေးဆရာ လေးဦး စုစုပေါင်းခုနစ်ဦး ပါဝင်သည့် နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၇။ (က) နာယကအဖွဲ့သည်ကောင်စီကို ၄၅ ဦးထက်မပိုသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန၊

(၂) ပါမောက္ခချုပ် တိုင်းရင်းဆေးတက္ကသိုလ်၊

(၃) ဦးစီးဌာနမှ ညွှန်ကြားရေးမှူးအဆင့်အောက်မနိမ့်သော ပုဂ္ဂိုလ်နှစ်ဦး၊

(၄) တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခ သို့မဟုတ် ဌာနမှူးအဆင့်အောက်မနိမ့်သော ပုဂ္ဂိုလ်နှစ်ဦး၊

(၅) မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) မှ အဖွဲ့ဝင်နှစ်ဦး၊

(၆) မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ် နှစ်ဦး၊

(၇) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မှတ်ပုံတင် တိုင်းရင်းဆေးဆရာများက သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်တင်မြှောက်သော တိုင်းရင်းဆေးဆရာ တစ်ဦးစီ၊

(၈) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မှတ်ပုံတင် တိုင်းရင်းဆေးဆရာဦးရေကို အခြေခံ၍ မှတ်ပုံတင်ရ တိုင်းရင်းဆေးဆရာများက ရွေးချယ်တင်မြှောက်သော တိုင်းရင်းဆေးဆရာများ၊

(၉) မှတ်ပုံတင်တိုင်းရင်းဆေးဆရာ သက်တမ်းအနည်းဆုံး ခုနစ်နှစ်ရှိသူ၊ အသက် ၃၅ နှစ် အောက်ရှိသူ နှစ်ဦး။

(ခ) နာယကအဖွဲ့သည် ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ နာယကအဖွဲ့သည် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ ကောင်စီဝင် ရှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ်တစ်ဦးတို့ကို ကောင်စီဝင်များ၏ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်၍ တာဝန်ပေးအပ်ရမည်။

၉။ (က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ငါးနှစ် ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီသက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ လစ်လပ်သည့်နေရာ အလိုက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို အစားထိုးခန့်ထားခြင်း သို့မဟုတ် ရက်ပေါင်း ၉၀ အတွင်း ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ခန့်ထားရမည်။ ထိုသို့ ဖြည့်စွက်ခန့်ထားခြင်းခံရသောကောင်စီဝင်၏ သက်တမ်းသည် ကျန်ရှိသည့် ကောင်စီသက်တမ်းကုန်ဆုံးချိန် အထိသာ ဖြစ်ရမည်။

(င) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၀။ နာယကအဖွဲ့သည် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပုဒ်မ ၈ အရ ရွေးချယ်တင်မြှောက်ထားသူများကို အလုပ်အမှုဆောင်အဖွဲ့အဖြစ် တစ်ပါတည်း တာဝန်ပေးအပ်ရမည်။

၁၁။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့သည် အောက်ပါ အရည်အချင်းများဖြင့် ပြည့်စုံရမည်-

(က) အလုပ်အမှုဆောင်အဖွဲ့၏ဥက္ကဋ္ဌသည် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်သည့် တိုင်းရင်းဆေးဆရာ ဖြစ်ရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် ဝတ္တရားများကို အချိန်ပြည့် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုများပေးနိုင်သူ ဖြစ်ရမည်။

၁၂။ အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းနှင့် အဖွဲ့ဝင်များလစ်လပ်သည့်အခါ အစားထိုးခန့်ထားသူ အဖွဲ့ဝင်များ၏သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၁၃။ ကောင်စီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ဖွဲ့စည်းခြင်း၊ အစည်းအဝေး ကျင်းပခြင်းနှင့် ငွေကြေးကိစ္စရပ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၄။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းရင်းဆေးဆရာများ လိုက်နာစောင့်စည်းရမည့် ကျင့်ဝတ်သိက္ခာများ သတ်မှတ်ခြင်း၊

(ခ) တိုင်းရင်းဆေးဆရာများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်းပြည်ပ တိုင်းရင်းဆေးပညာဘွဲ့နှင့် လက်မှတ်များကို အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) နိုင်ငံတော်နှင့် ပုဂ္ဂလိကတိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စံချိန်စံညွှန်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(င) တိုင်းရင်းဆေးပညာ သင်ကြားမှုအဆင့်အတန်း မြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော နိုင်ငံတကာ တိုင်းရင်းဆေးပညာရပ်များနှင့် မိမိတို့နိုင်ငံ၏ တိုင်းရင်းဆေးပညာရပ်များကို လေ့လာသုံးသပ်၍ ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ တိုင်းရင်းဆေးတက္ကသိုလ်နှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းဆေးဆရာများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊ ဦးစီးဌာနနှင့် ဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(ဆ) တိုင်းရင်းဆေးဝါးများ၊ ဆေးဖက်ဝင်အပင်များ၊ ဆေးပစ္စည်းများ၏ စံချိန်စံညွှန်းများ၊ အလေးချိန်များ၊ ကန့်သတ်ချက်များကို သတ်မှတ်ခြင်း၊ အတည်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှတစ်ဆင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ အကြံပြုခြင်း။

၁၅။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီ၏လုပ်ငန်းတာဝန်များကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ကော်မတီများကို ကောင်စီဝင်များနှင့် အခြား သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်စေလျက် ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

(၁) ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊

(၂) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင်စိစစ်ရေး ကော်မတီ၊

(၃) ဘဏ္ဍာရေးကော်မတီ၊

(၄) ဥပဒေရေးရာကော်မတီ၊

(၅) အခြားလိုအပ်သောကော်မတီများ။

(ခ) နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
(ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“က” အက္ခရာမှ အစဉ်လိုက် “ကခ” အက္ခရာထိ** အက္ခရာ(၅၁)လုံးနှင့် ထီစာအုပ်(၈၀၅၃၃)အုပ်၊ စုစုပေါင်း ထီစာအုပ်(၄၂၅၃၂၅၁)အုပ်၊ ထီလက်မှတ်စောင်ရေ(၄၆၇၈၅၇၆၁)စောင် ရောင်းချခဲ့ရပါသည်။

၂။ ထီလက်မှတ်စာအုပ် ရောင်းရငွေမှာ ကျပ်သန်းပေါင်း(၂၁၂၆၆.၂၅၅) ဖြစ်သဖြင့် ၆၀% ထီဆုငွေအဖြစ် ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်းပေါင်း (၁၂၇၅၉.၇၅၃) ဖြစ်ပါသည်။

၃။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုမဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | အထူးဆုကြီးစနစ် | | | |
| | (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| | (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| | (၃) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| | (၄) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |
| (ခ) | ဆုတစ်ဆုချင်းစနစ် | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၁၅) ဆု |
| | (၂) | ကျပ်သိန်းသုံးရာ | = | (၁၅) ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၁၈) ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၂၀) ဆု |
| | (၅) | ကျပ်သိန်းသုံးဆယ် | = | (၂၅) ဆု |
| | (၆) | ကျပ်ဆယ်သိန်း | = | (၂၈) ဆု |
| (ဂ) | ဝဝေဆာဆာပဒေသာဆုမဲစနစ် | | | |
| | (၁) | ကျပ် သုံးသိန်း | = | (၁၂၀) ဆု |
| | (၂) | ကျပ် နှစ်သိန်း | = | (၁၂၀၀) ဆု |
| | (၃) | ကျပ် တစ်သိန်း | = | (၁၄၀၀၀) ဆု |
| | (၄) | ကျပ် ငါးသောင်း | = | (၁၂၀၀၀၀) ဆု |
| | | **စုစုပေါင်း** | = | **(၁၃၅၄၅၃) ဆု** |

၄။ (၂၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၂.၂၀၁၉)ရက်နေ့ (သောကြာနေ့)၊ နံနက် (၈)နာရီ အချိန်တွင် အမှတ်၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။


### အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့နှင့် အနီးတဝိုက်တွင်သာ MRTV-4, Channel7 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို UHF Channel E33 တွင် DVB-T စနစ်ဖြင့်လည်းကောင်း၊ UHF Channel E27 တွင် DVB-T2 စနစ်ဖြင့်လည်းကောင်း ဒီဂျစ်တယ်စနစ် (၂)မျိုးဖြင့် အခမဲ့ ထုတ်လွှင့်ပေးလျက်ရှိရာ (၂၈.၂.၂၀၁၉) ရက်နေ့တွင် DVB-T စနစ် ဖြင့် ထုတ်လွှင့်ခြင်းကို ရပ်ဆိုင်းမည်ဖြစ်ပြီး နိုင်ငံတော်၏ ဒီဂျစ်တယ် ထုတ်လွှင့်ခြင်းစနစ်စံနှုန်းအဖြစ် အတည်ပြုသတ်မှတ်ထားသော DVB-T2 စနစ်ဖြင့်သာ ပုံမှန်အတိုင်း ဆက်လက်ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း ကြည့်ရှုသူပရိသတ်များအား လေးစားစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ဖမ်းယူကြည့်ရှုရာတွင် အခက်အခဲ တစ်စုံတစ်ရာ ရှိပါက ဖုန်းနံပါတ် (၀၉၄၄၃၇၃၉၃၅၄) သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

(Forever Group Co., Ltd.)

### ဈေးနှုန်းတန်သော နှစ်ထပ်လုံးချင်းတိုက်သစ် အမြန်ငှားမည်

အောက်မင်္ဂလာဒုံလမ်းမကြီး၊ ဖော့ကန်အနီး၊ အင်းစိန်မြို့နယ်
၅၂ပေ×၁၂၀ပေ၊ တစ်လငှားရမ်းခ-၂၂သိန်း(ညှိနှိုင်း)
နေရာကောင်း၊ ကုမ္ပဏီရုံးခန်းဖွင့်ရန်အဆင်ပြေ။
**ဆက်သွယ်ရန် ဖုန်း-၀၉-၂၆၅၃၈၈၇၅၈၊ ၀၉-၂၆၅၃၈၈၇၅၉**

### နေရာကောင်းတွင်ရှိသော ကွန်ဒိုတိုက်ခန်းအမြန်ငှားမည်

ချမ်းသာလမ်း၊ မြေနီကုန်းCity Mart အနီး စမ်းချောင်းမြို့နယ်။
အကျယ် ၁၂၅၀ စတုရန်းပေ၊ ပြင်ဆင်ပြီး၊ ပရိဘောဂအစုံပါ။
တစ်လငှားရမ်းခ-၁၀သိန်း(ညှိနှိုင်း)
စံရိပ်ငြိမ်(၆)လမ်း ကွန်ဒို၊ ကမာရွတ်မြို့နယ်။
အကျယ်-၁၂၅၀စတုရန်းပေ၊ ပရိဘောဂအစုံပါ။
တစ်လငှားရမ်းခ-၉သိန်း(ညှိနှိုင်း)
**ဆက်သွယ်ရန်ဖုန်း-၀၉-၉၅၀၅၂၀၄၉၉၊ ၀၉-၉၅၂၆၅၅၆၅၈**

### မြေကွက်အမြန်ဝယ်လိုပါသည်

သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့တွင် လမ်းမအနီး၊ သင်တန်းကျောင်းဖွင့်ရန်ကောင်းသော မြေကွက်အမြန်ဝယ်လိုပါသည်။
ပိုင်ရှင်များမှ ဆက်သွယ်ပေးပါရန်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၉၅၀၅၂၀၄၉၉၊ ၀၉-၉၅၂၆၅၅၆၅၈**


### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅၃၇ နှင့်ဆက်နွယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁၈၈**

ဒေါ်သူဇာနွယ် **နှင့်** ၁။ ဒေါ်နွဲ့ယဉ်ဝင်း
၂။ ဦးတင်စိုးအောင်
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သလဲကုန်းကျေးရွာနေ အမှတ်(၂) တရားရှုံးဦးတင်စိုးအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅၃၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်သူဇာနွယ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် (၁၃၈၀ပြည့်နှစ် တပို့တွဲလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာတင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**မန္တလေးခရိုင်တရားရုံး**

### အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ သတ္တမတန်း(B)မှ မဂျာရတ်လုလုပန်၏ အမည်မှန်မှာ မလုလုပန်ဖြစ်ပြီး ၄င်း၏ ဖခင်အမည်မှန်မှာ ဦးနော်လောန် ၁/မကန(နိုင်)၁၂၅၈၆၅ ဖြစ်ပါကြောင်း။

### အမည်ဖြည့်စွက်

မြစ်ကြီးနားမြို့၊ အထက(၃)၊ နဝမတန်း ($B_1$)မှ မဆိုင်းနူးအိန်အား မ-မရစ်ဆိုင်းနူးအိန်ဟု ဖြည့်စွက်ခေါ်ဆိုပြီး ထ(ခွဲ) အလက(၃) ဆဋ္ဌမတန်း (A)မှ မောင်မျိုးဆန့်အောင်အား မောင်မရစ်မျိုးဆန့်အောင်ဟု အမည်ဖြည့်စွက်ခေါ်ဆိုပါရန်။

### အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဇေယျဝတီကျေးရွာအုပ်စု ကွင်းအမှတ် (၂၆၃-က) ပျဉ်ပုံအရှေ့ကွင်း၊ ဦးပိုင်(ဃ-၄/၆)၊ ဧရိယာ ၁ဒသမ၂၀ဧကအနက်မှ ၀ဒသမ၀၈၅၉ ဧကအကျယ်အဝန်းရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သူဟု အဆိုပြုသူ ဦးဟာရီနရိုင်း ၇/ဖမန(နိုင်)၀၀၀၄၆၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်ထွန်း (LL.B) (စဉ်-၄၂၄၅၇)**
**အထက်တန်းရှေ့နေ**
